ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 25 July 2023 ၁၁၁၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးကျင်းပ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လုပ်ငန်းများအပါအဝင် လုပ်ငန်းသစ် ၁၀ ခု ခွင့်ပြု**
စာမျက်နှာ » ၅

**နိုင်ငံ၏ အနာဂတ် စက်သုံးဆီ သုံးစွဲမှုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာတော့မည့် ဇီဝအီသနော လောင်စာ စက်သုံးဆီ**
ဆောင်းပါး စာမျက်နှာ » ၆



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲ ကြည့်ရှုအားပေး**
စာမျက်နှာ » ၇

ကြေးမုံ

# ကမ္ဘာသို့တိုင် မေတ္တာတရားပြန့်ပွားလွှမ်းခြုံ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယ ဘူမိနိမ္မာနအောင်မြေတည်ထားခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် သဒ္ဒါဓိပတိခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်းမင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၂၃ ရက်နေ့က ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်ခဲ့သည်။

ဗုဒ္ဓဘာသာဝင်တို့၏ယုံကြည်မှုအရ မြတ်ဗုဒ္ဓဘုရားရှင်သည် ဗောဓိညောင်ပင်ရင်း၌ ကိလေသာအပေါင်းတို့ကို အောင်မြင်တော်မူခြင်း၊ အောင်ခြင်းရှစ်ပါးတို့ကို အောင်မြင်တော်မူခြင်းတို့ကိုအကြောင်းပြု၍ စေတီဘုရားတည်ထားကိုးကွယ်ကြသည့် သီးသန့်မြေမြတ်ဌာနတစ်ခုကို အဓိဋ္ဌာန်ပြုရာအောင်မြေအဖြစ် သတ်မှတ်ထားရှိကြသည်။ ဤမြေမြတ်နေရာတွင် မြတ်ဗုဒ္ဓ၏အောင်တော်မူခြင်းကို စိတ်ဝယ်ယုံကြည်ရည်မှန်းပူဇော်၍ မိမိတို့၏လောကီ၊ လောကုတ္တရာကိစ္စအဝဝတို့ အောင်မြင်စေရန်ဆန္ဒပြုပြီး ဆောင်ရွက်ဖွယ်ရာကိစ္စအဝဝတို့ကို ကြိုးပမ်းအားထုတ်ကြကာ အောင်မြင်မှုကိုဆောင်ယူကြသည်။

စေတီဘုရားပေါ်များသော မြန်မာနိုင်ငံတွင် တန်ခိုးကြီးဘုရားအဆူဆူရှိရာ ပရိဝုဏ်တို့၌ အောင်မြေနေရာများအသီးသီးသတ်မှတ်ထားရှိကြသည်။ မြတ်စွာဘုရားရှင်ပွင့်ထွန်းတော်မူရာ ဗုဒ္ဓဂယာသတ္တဌာန ၇ ဌာနအောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ပေါင်းစု၍ ဘူမိနိမ္မာနအောင်မြေဌာနတစ်ခု ပေါ်ထွန်းလာပြီဖြစ်ရာ မြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ လောကီ၊ လောကုတ္တရာကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်သည်။ အဆိုပါ အောင်မြေ မြေမြတ်နေရာမှ ကောင်းကျိုးများကို စိတ်ဝယ်ညွတ်ပြီး သဒ္ဒါဓိပတိခေါင်းလောင်းတော်ကြီးကို ထိုးခတ်ပူဇော်ခြင်းဖြင့် လောကတစ်ခွင်တွင် မေတ္တာတရားများ ပြန့်ပွားလွှမ်းခြုံကာ ငြိမ်းချမ်းသာယာမှုအပေါင်းကို ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

ဝိဇယဘူမိနိမ္မာနအောင်မြေတည်ထားခြင်းနှင့် သဒ္ဒါဓိပတိခေါင်းလောင်းတော်ကြီးကို တည်ထားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်သန်လျက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့်မိသားစုက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က သာဓုအနုမောဒနာခေါ်ဆိုကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ်သည့်နိုင်ငံဖြစ်သည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဝိနည်းတော်များနှင့်အညီ လိုက်နာကျင့်သုံးနေသည့် ဗုဒ္ဓဘာသာအဓိကကိုးကွယ်သော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ခိုင်မာသောအခြေခံရှိသောကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် ခိုင်မာစွာရှိနေသည်ကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် ထေရဝါဒဗုဒ္ဓသာသနာတော် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုတည်ထားကိုးကွယ်မှုများက ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားသောသမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်။

ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓသာသနာ ဗဟိုချက်တစ်ခုဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အကြီးအကဲဦးဆောင်မှုဖြင့် ခုနစ်ရက်သားသမီးတို့က သဒ္ဓါတရားထက်သန်စွာ အံ့မခန်းဖွယ် သာသနာ့နယ်မြေဖြစ်လာအောင် ပြင်းပြသောလုံ့လဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ သာသနာတော်အတွက် စိတ်ဝယ်ညွတ်၍ ကြိုးပမ်းအားထုတ်မှုကြောင့် နိုင်ငံတော်သာယာဝပြောမှုနှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်သာယာဝပြောမှုဆိုသည်မှာ ပြည်သူပြည်သားများအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရေး၊ ပျော်ပျော်ရွှင်ရွှင်ပညာသင်ကြားနိုင်ရေး၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့်အရိပ်အာဝါသအောက်တွင် အားလုံးလုံလုံခြုံခြုံအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးဖြစ်သည်။

ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဆိုသည်မှာ ဗုဒ္ဓဘာသာသာသနာတော်သည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ မေတ္တာတရားကို အလေးအနက်ထားသည့် ဘာသာတရားတစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာတရားကိုအခြေခံ၍ ကမ္ဘာကို မေတ္တာတရားများ ပြန့်ပွားလွှမ်းခြုံသွားမည်ဆိုပါက ကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာမှုဖြစ်စေမှာ မလွဲဧကန်ဖြစ်သည်။ သို့ဖြစ်ရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှု ကောင်းမှုအစုစုတို့မှ ဖြစ်ပေါ်လာသည့် မေတ္တာတရားများ လွှမ်းခြုံမှုသည် ကောင်းခြင်းမင်္ဂလာအဖြာဖြာဖြစ်စေပါကြောင်း။ ။

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ စာအုပ်လှူဒါန်းပွဲပြုလုပ်ရာ စာရေးဆရာ တက္ကသိုလ်စိုးယဉ်က ကိုယ်တိုင်ရေးသားသော ပွင့်ဦးမေတ္တာချူလှည့်ပါနှင့် အခြားကဗျာများ စာအုပ် ၁၀၀၊ တန်ဖိုး ၂၀၀၀၀၀ ကို လှူဒါန်းရာ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေး ကျင်းပကြောင်း သိရသည်။

သတင်းစဉ်



## အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားရေးစီမံကိန်း အခြေခံစက်ချုပ်နည်းသင်တန်း ဖွင့်လှစ်

ကျောက်ဆည် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားရေးစီမံကိန်းအဖြစ် အခြေခံစက်ချုပ်နည်းသင်တန်း အခမ်းဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။



### ထောက်ပံ့ပေးအပ်

အဆိုပါ အခြေခံစက်ချုပ်နည်းသင်တန်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အင်တိုင်းကျေးရွာ စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံသို့ စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းသူများအား သင်တန်းသုံး လက်သုံးကိရိယာပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

အခြေခံစက်ချုပ်နည်းသင်တန်းကို အင်တိုင်းကျေးရွာမှ ပြည်သူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ဇူလိုင် ၂၄ ရက်မှစတင်၍ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၃၀၀ | ၇၆၁ | ၆,၂၇၆,၆၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂,၃၆၄ | ၆,၈၁၂,၉၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၇,၃၉၁ | ၁၁,၄၅၅,၄၅၀ |
| TMH | ၂,၅၀၀ | ၂,၄၀၀ | ၁၁၄ | ၂၇၄,၆၀၀ |
| EFR | ၂,၃၅၀ | ၂,၄၅၀ | ၁၇၉ | ၄၂၃,၅၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၉၂ | ၄၅၀,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၆,၁၀၅ | ၁၀,၄၃၃,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး၌ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းပထမပြန်စာသင်တိုက် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်) တနင်္လာနေ့]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား-

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်ကြသည့် ရဟန်းတော်အားလုံး စိတ်ဝမ်းမကွဲ တစ်သားတည်း ညီညွတ်နေလျှင် တပည့်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်တစ်ခုလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမည် ဖြစ်ပါသည်။ သန့်ရှင်းတည်တံ့ ပြန့်ပွားနေမည်ဖြစ်ပါသည်ဘုရား။ နိုင်ငံသူ နိုင်ငံသားတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမည် ဖြစ်ပါသည်ဘုရား။

**"သခိလာ"** ဟူသော ပါဠ်၌ **"သခိလာ သိလိဋ္ဌာ မေတ္တာယ ဓရဂတာယ သောဘမာနာ ဟောထာတိ အတ္ထော"** (အပဒါန၊ ဋ္ဌ၊ ၁၊ (၁၂၇) ဟူသော အဋ္ဌကထာ အဖွင့်နှင့်အညီ နူးညံ့ပြေပြစ် ချစ်ဖွယ်သော စကားကို ပြောဆိုတတ်သူသည် **"သခိလ"** မည်ပါသည်။ ထိုနူးညံ့ ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ၏ဖြစ်ကြောင်း(ဝါ) ထိုနူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူဖြစ်အောင် ပြုတတ်သော မဟာကုသိုလ်၊ မဟာကြိယာစိတ္တုပ္ပါဒ်ကို **"သာခလျ"** ဟု ခေါ်ဆိုပါသည်ဘုရား။ **"တတ္ထ ကတမံ သာခလျံ၊ ယာ သာ ဝါစာ အဏ္ဍကာ ကက္ကသာ ပရကဋုကာ ပရာဘိသဇ္ဇနီ ကောဓသာမန္တာ အသမာဓိသံဝတ္တနိကာ တထာရူပိံ ဝါစံ ပဟာယ ယာ သာ ဝါစာ နေဠာ ကဏ္ဏသုခါ ပေမနိယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇနမနာပါ တထာရူပိံ ဝါစံ ဘာသိတာ ဟောတိ၊ ယာ တတ္ထ သဏှဝါစတာ သခိလဝါစတာ အဖရုသဝါစတာ။ ဣဒံ ဝုစ္စတိ သာခလျံ"** (အဘိ၊ ၂၀၆) ဟူသော ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ တပည့်တော်တို့ နိုင်ငံတော်

> ✣ **သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်ကြသည့် ရဟန်းတော်အားလုံး စိတ်ဝမ်းမကွဲ တစ်သားတည်း ညီညွတ်နေလျှင် တပည့်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်တစ်ခုလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမည်ဖြစ်ပါသည်။ သန့်ရှင်းတည်တံ့ ပြန့်ပွားနေမည်ဖြစ်ပါသည်ဘုရား။ နိုင်ငံသူ နိုင်ငံသားတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမည်ဖြစ်ပါသည်ဘုရား**

သံဃမဟာနာယက အရှင်မြတ်တို့သည် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသည့် သာသနာ့ကိစ္စအဝဝတို့ကို တိုင်ပင်ဆွေးနွေး ညှိနှိုင်းပြောဆိုကြရာ၌ နူးညံ့ပြေပြစ်ချစ်ဖွယ်စကား ပြောကြားမိန့်ဆိုတတ်သော **"သခိလ"** ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူကြ၍ **"သာခလျ"** ဟု ခေါ်ဆိုအပ်သော မဟာကုသိုလ် စိတ္တုပ္ပါဒ်များ အထပ်ထပ် ဖြစ်ပွားစေကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ သာခလျဟု ခေါ်ဆိုအပ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်များ အစဉ်မပြတ် ဇောအထပ်ထပ်ဖြစ်စေရန်-

- အဏ္ဍကာ - ခုံသန၊ ဝမ္ဘန စသောစကားတို့ဖြင့် မပြေမပြစ် အဖုအထစ်ရှိသော စကား၊
- ကက္ကသ - ကြမ်းတမ်းသော၊ နားမချမ်းသာဖွယ် ဖြစ်သောစကား၊
- ပရကဋုက - သူတစ်ပါးတို့အတွက် ခါးစပ်သော အရသာနှင့်တူသော စကား၊
- ပရာဘိသဇ္ဇနီ - သွားလိုရာသွားခွင့်မပေးဘဲ ငြိတွယ်တတ်သော ဆူးခက်ကဲ့သို့ သူတစ်ပါးတို့စိတ်၌ ထိုးဆွ၍ ထိုးဆွ၍ လွန်စွာ ငြိကပ်တတ်၊ သူတစ်ပါးတို့စိတ်ကို ထိခိုက်စေတတ်သောစကား၊
- ကောဓ သာမန္တာ - အမျက်ဒေါသ၏ အနီးအပါး၌ ဖြစ်သော အမျက်ဒေါသထွက်လောက်အောင်ဖြစ်သောစကား၊
- အသမာဓိ သံဝတ္တနိကာ - ဥပစာရသမာဓိ၊ အပ္ပနာသမာဓိကို မဖြစ်စေတတ်သောစကား၊

ဤခြောက်မျိုးသော စကားတို့ကို ပယ်ရှားတော်မူကြရမည် ဖြစ်ပါသည်ဘုရား။

ထို့အပြင်

- နေဠာ - အပြစ်ကင်းစင်သောစကား၊
- ကဏ္ဏသုခ - နားချမ်းသာသော (နားဝင်ချိုသော) စကား၊
- ပေမနီယ - ချစ်ခင်နှစ်သက်ဖွယ်မြတ်နိုးဖွယ်သော စကား၊
- ဟဒယင်္ဂမ - မထိခိုက်ဘဲ ချမ်းသာစွာ စိတ်နှလုံးသို့ သက်ဝင်သောစကား၊
- ပေါရီ - မြို့ကြီးသူတို့၏ စကားသဖွယ် ယဉ်ကျေးသောစကား၊
- ဗဟုဇနကန္တ - လူအများနှစ်သက်အပ်သောစကား၊
- ဗဟုဇနမနာပ- နှစ်သက်မြတ်နိုးအပ်သည်၏အဖြစ်ဖြင့် လူအများ၏စိတ်ကို တိုးပွားစေတတ်သောစကား၊

ဤခုနစ်မျိုးသော စကားတို့ကိုသာ ပြောဆိုဆွေးနွေးတော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအဆုံးအမဩဝါဒသည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးကြကုန်သော အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမဩဝါဒဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ဘုရားရှင်၏ တပည့်သားတော်များဖြစ်ကြကုန်သော တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့အနေဖြင့် ဤအဆုံးအမဩဝါဒကို လေးလေးနက်နက်ခံယူကြကာ လိုက်နာကျင့်သုံးတော်မူကြပါရန် လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည်ဘုရား။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး၌ အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်း ပထမပြန်စာသင်တိုက် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ် အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားစဉ်။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝိဝေကကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာ မြို့ဦးကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရွှေပြည်သာမြို့နယ်ရှိ လိုတရဟာသံ့တကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လောကအတုလမာန်အောင် ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေဘာလီ ဂန္ဓာရုံကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ ပရိယတ္တိလေသာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ပါဠိတက္ကသိုလ် သီရိမင်္ဂလာပျော်ဘွယ်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာမဥ္ဇူကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

❂ ရွှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ သြဝါဒကထာကို စာမျက်နှာ (၃)တွင် ဖော်ပြထားပါသည်)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညက တင်သွင်းလျှောက်ထားပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ခင်ခင်ကြီးတို့ကို ရည်စူး၍ သမီး(သဒ္ဓမ္မဇောတိကဓဇ) ဒေါ်ပြုံးဝေသီနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘွဲ့ရပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများ တက်ရောက်ကြသည်။

**ဖတ်ကြားတော်မူ**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယအဖွင့်သြဝါဒကထာကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နောဓိဉာဏက ဖတ်ကြားတော်မူသည်။




ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ) ငါးပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) လေးပါး/ဦး၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) ၃၇ ပါး/ဦး၊ ဘွဲ့ရပုဂ္ဂိုလ် စုစုပေါင်း ၄၆ ပါး/ဦးကို သက်ဆိုင်ရာဘွဲ့များ ပေးအပ်မည်ဖြစ်ကြောင်းသိရ၍ ဗုဒ္ဓ၏တရားတော်များကို လေ့လာဆည်းပူးခဲ့ကြသည့် သင်တန်းသားများ၏အောင်မြင်မှုကို လှိုက်လှဲစွာ ဂုဏ်ယူပါကြောင်း၊ ထို့ပြင် ဤတက္ကသိုလ်ဆင်း ပြည်ပ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များကို ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ သာသနာရေးဗျူရိုဌာနများနှင့် ယင်းနိုင်ငံများရှိ ဗုဒ္ဓဘာသာတက္ကသိုလ်များတွင် အဆင့်မြင့်ရာထူးများ ခန့်အပ်တာဝန်ပေးခြင်းခံရသည်ဟု သိရသည့်အတွက် လွန်စွာကျေနပ်အားရမိပါကြောင်း၊ ဤတက္ကသိုလ်မှ သင်ကြားဆရာတော်ကြီးများအနေဖြင့်လည်း သင်တန်းသားများအား အရည်အချင်းပြည့်ဝစေရန်နှင့် ၎င်းတို့ကို ဓမ္မလက်ဆောင် သင်ကြားဖြန့်ဝေပေးခြင်းဖြင့် ကမ္ဘာသူကမ္ဘာသားတို့၏ ကောင်းကျိုးများရရှိစေရန်အတွက် ကြိုးပမ်းနေကြကြောင်း သိရသဖြင့် သင်ကြားဆရာတော်များနှင့် သင်တန်းသားများအားလုံးအတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း လျှောက်ထားသည်။

**ချီးမြှင့်အပ်နှင်း**

ယင်းနောက် ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများကို တက္ကသိုလ်အဓိဌာန် အမေး/အဖြေပြုပြီး သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း/ပြည်ပ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၆ ပါး/ဦးတို့ကို ဘွဲ့နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ဆက်လက်၍ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန်ထူးချွန်ဆုရရှိသော (Gold Medallist) ထူးချွန်ရွှေတံဆိပ်ဆုရှင် မြန်မာရဟန်းတော် ဘဒ္ဒန္တ ပညာဝရအား တက္ကသိုလ်က ချီးမြှင့်သည့် တစ်ကျပ်သားရွှေစင်ရွှေပြားကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းချီးမြှင့်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က "ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်" တွင် လက်မှတ်ရေးထိုးတော်မူပြီး ဘွဲ့ရကျောင်းသားများကို သြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

**စုစုပေါင်း ၂၃၉၅ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့**

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်း သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်ထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း/ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၄၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၃၃ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၈၄၁ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၂၇၆ ပါး/ဦး စုစုပေါင်း ၂၃၉၅ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြည်တွင်း/ပြည်ပ သင်တန်းသား စုစုပေါင်း ၃၁၁ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြည်တွင်း၌သာမက ပြည်ပမှပါ မည်သူမဆို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်ခဲ့ပြီး ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့် ပါဠိဘာသာရပ်များအပြင် သမထနှင့် ဝိပဿနာဟူသော ဗုဒ္ဓဓမ္မကိုပါ လက်တွေ့ကျကျ အထူးတာဝန်ယူ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးကျင်းပ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်းသစ် ၁၀ ခု ခွင့်ပြု



နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(၂/၂၀၂၃)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၁၅၈ သန်းနှင့် ငွေကျပ် ၂၅၄၉၅၁ ဒသမ ၄၄၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၆၄၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား(မွမ်းမံ)သင်တန်း ဖွင့်လှစ်



တောင်ကြီး ဇူလိုင် ၂၄

ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရုရှားဘာသာစကားနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေကော်မတီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ Royal Taunggyi Hotel ၌ ကျင်းပသည်။

**သင်တန်းသား ၁၃၀ သင်ကြားပေးနိုင်ခဲ့**

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား(အခြေခံ)သင်တန်းကို တောင်ကြီးမြို့တွင် သင်တန်းသား ၆၃ ဦးဖြင့် မေ ၁၅ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ ကလောမြို့တွင် သင်တန်းသား ၆၇ ဦးဖြင့် မေ ၂၉ ရက်မှ ဇူလိုင် ၉ ရက်အထိလည်းကောင်း ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း သင်တန်းသား ၁၃၀ ရုရှားဘာသာစကား(အခြေခံ) ကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ အချိန်ကာလအားဖြင့် အခြေခံအဆင့်တွင် နှစ်ပတ်သာကြာမြင့်သော်လည်း ယခု(မွမ်းမံ)အဆင့်တွင် လေးပတ်ကြာမြင့်မည် ဖြစ်သည့်အတွက် ဘာသာရပ် ပိုမိုအချိန်ကြာမြင့်စွာ ထိတွေ့ရမှာဖြစ်ကြောင်း၊ ရုရှားဘာသာစကားကို (အခြေခံ)အဆင့်မှ (မွမ်းမံ)အဆင့် သင်တန်းကို တက်ရောက်ပြီးချိန်တွင် ယခုသင်တန်းသားများသည် ရုရှားဧည့်သည်များနှင့် ပတ်သက်ပြီး နားလည်နိုင်စွမ်းနှင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ပေးနိုင်ရေးအတွက် ယခုလို ဟိုတယ်လုပ်ငန်းသုံး ရုရှားဘာသာစကား(မွမ်းမံ)သင်တန်းကို ထပ်မံဖွင့်လှစ်ဆောင်ရွက်ပေးရခြင်းနှင့် သင်တန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးနှင့် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ (ဟိုပုံး)တို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**တစ်လကြာမြင့်မည်**

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြပြီး သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်၍ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များရှိ မိုးစပါးစိုက်သမဝါယမအသင်းအဖွဲ့များနှင့် တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပုံမှန်ရုံးလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ ဦးစီးဌာနအလိုက် ဝန်ထမ်း သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူများက တတ်နိုင်သမျှ ဆောင်ရွက်ပေးရန်၊ သင်တန်းများ တက်ရောက်ရာတွင် ထူးချွန်စွာအောင်မြင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဆိုပါရုံး၌ ပြည်နယ်သမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌနှင့်အတူ စစ်တွေမြို့နယ်၊ ကျောက်တော် မြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းအမှုဆောင်များနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရခိုင်ပြည်နယ်အတွင်း မိုးစပါး စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ မြေဩဇာနှင့် သွင်းအားစုများ အချိန်မီဖြန့်ဝေနိုင်ရေးအတွက် သမဝါယမအသင်းစုချုပ်နှင့် အသင်းများမှ ပံ့ပိုးကူညီပေးရေး၊ ရခိုင်ဒေသတွင် စိုက်ပျိုးရေး သမဝါယမအသင်းများ ဖွဲ့စည်းစိုက်ပျိုးမည့် စိုက်ဧက ၆၁၁၈ ဧကအား အောင်မြင်အောင် စိုက်ပျိုးရေး မှာကြားကာ အသင်းအမှုဆောင်များ၏ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင် သင်တန်းသူများနှင့် အခြေခံစက်ချုပ် နည်းပညာသင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ၏ အနာဂတ် စက်သုံးဆီသုံးစွဲမှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာတော့မည့် ဇီဝအီသနောလောင်စာစက်သုံးဆီ

**နဒီမင်း၊ ဓာတ်ပုံ -KSW**

အနာဂတ်ကာလတွင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် စွမ်းအင်လိုအပ်ချက်၊ လောင်စာဆီရှားပါးလာမှုပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုကို လျှော့နည်းစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန် ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) များဖြင့် အစားထိုးသုံးစွဲနိုင်မည့် နည်းလမ်းများကို ကမ္ဘာ့နိုင်ငံအသီးသီးက တီထွင်အသုံးပြုလာကြသည်။

လက်ရှိသုံးစွဲလျက်ရှိသော စက်သုံးလောင်စာဆီများသည် ဟိုက်ဒရိုကာဗွန်အခြေခံရုပ်ကြွင်းလောင်စာဖြစ်သည့် ရေနံစိမ်းမှချက်လုပ်ထားသည်ဖြစ်ရာ ယင်းရေနံစိမ်းသည် အချိန်တစ်ခုသို့ရောက်လျှင် ကုန်ခန်းသွားနိုင်ခြင်း၊ ဈေးနှုန်းမြင့်တက်နိုင်ခြင်းတို့ကြောင့် ရေရှည်အသုံးပြုနိုင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအဟန့်အတားဖြစ်စေနိုင်ပြီး ၎င်းတို့မှထွက်ရှိသော အညစ်အကြေး၊ ဘေးထွက်ပစ္စည်းများကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးစေလျက်ရှိသည်။

ဟိုက်ဒရိုကာဗွန် အခြေခံရုပ်ကြွင်းလောင်စာ ရေနံစိမ်းအပေါ် မှီခိုအားထားမှုလျှော့ချနိုင်ရေးနှင့် တိုင်းပြည် နိုင်ငံခြားငွေယိုစီးမှု လျှော့ချနိုင်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအချို့သည် ဇီဝလောင်စာ (Biofuels) ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ်၊ အနာဂတ်စွမ်းအင်၏ အဓိကအခန်းကဏ္ဍအဖြစ် ရှုမြင်လာကြသည်။

**ဇီဝအီသနောကို Gasohol အမည်ဖြင့် စက်သုံးဆီအစားထိုး**

သို့အတွက် နိုင်ငံတကာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဇီဝလောင်စာ (Biofuels) တစ်မျိုးဖြစ်သည့် ဇီဝအီသနောကို Gasohol အမည်ဖြင့် စက်သုံးဆီအစားထိုးအသုံးပြုလာကြသည်။

ယေဘုယျအားဖြင့် Gasohol ကို E 5, E 10, E 15, E 25 အစရှိသည်မှ E 85 အထိ အမျိုးမျိုးရောစပ်သတ်မှတ်ကြသည်။ ဥပမာ E 5 အဓိပ္ပာယ်မှာ အများဆုံး Ethanol ငါးရာခိုင်နှုန်း၊ အနည်းဆုံး ဓာတ်ဆီ ၉၅ ရာခိုင်နှုန်းကို သတ်မှတ်ထားခြင်းဖြစ်သည်။

Gasohol အသုံးပြုရာတွင် အများအားဖြင့် ဥရောပနိုင်ငံများ၌ E 5 ကိုလည်းကောင်း၊ အမေရိကန်နှင့် နိုင်ငံတော်တော်များများ၌ E 10 ကိုလည်းကောင်း၊ E 85 နှင့် အထက်ကိုလည်းကောင်း သုံးစွဲနေကြပြီဖြစ်သည်။

ဥရောပနိုင်ငံများတွင်သာမက အာဆီယံနိုင်ငံများတွင်လည်း အာဆီယံဒေသအတွင်း ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုအနေဖြင့် စွမ်းအင်အမျိုးအစားများပေါင်းစည်းသုံးစွဲမှုတွင် ၂၀၂၅ ခုနှစ်၌ ၂၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ၂၀၃၅ ခုနှစ်၌ ၃၅ ရာခိုင်နှုန်းသို့လည်းကောင်း ဇီဝလောင်စာစက်သုံးဆီများ ထုတ်ယူသုံးစွဲမှုကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုများကို ၂၀၂၅ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၅၀ ပြည့်နှစ်တွင် ၅၃ ဒသမ ၇ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဇီဝလောင်စာစက်သုံးဆီများသည် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များအဖြစ် ပိုမိုအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်။

အာဆီယံနိုင်ငံများအတွင်း အထူးသဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံသည် အာရှနိုင်ငံများအနက် ပထမဆုံး Biodiesel နှင့် Bioethanol သုံးစွဲရန် နိုင်ငံ၏အနာဂတ်စွမ်းအင်လမ်းပြမြေပုံဖော်ဆောင်၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**ပြည်ပမှတင်သွင်းရသည့် ULG 91 ဆီများ**

ထိုင်းအစိုးရက မော်တော်ယာဉ်အများစုအတွက် ULG 91 ဆီအစား အီသနောနှင့် ဓာတ်ဆီအချိုးအစားရောနှောပါဝင်သည့် ဇီဝလောင်စာစက်သုံးဆီ (Gasohol) ရောင်းချစေခြင်း၊ ပြည်သူများဘက်ကလည်း ဇီဝလောင်စာစက်သုံးဆီ (Gasohol) ကို လိုလိုလားလားလက်ခံသုံးစွဲလာခြင်း စသည်တို့ကြောင့် ထိုင်းနိုင်ငံတွင် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပြည်ပမှတင်သွင်းရသည့် ULG 91 ဆီများ ရောင်းချရမှုမှာ သိသိသာသာကျဆင်းလာသည်ကို တွေ့မြင်ရသည်။

မြန်မာနိုင်ငံသည်လည်း Nationally Determined Contributions (NDCs) အစီရင်ခံစာအရ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်စပ်လျဉ်း၍ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးတည်ကြိုးပမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်နေသည့် အီသနောတန်ချိန်ငါးသောင်းထွက် စက်ရုံစီမံကိန်းအတွင်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

**ဇီဝအီသနောလောင်စာစက်သုံးဆီအဖြစ် စနစ်တကျတိုးမြှင့်ထုတ်လုပ်**

သို့ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် “ဇီဝလောင်စာစက်သုံးဆီထုတ်လုပ်သုံးစွဲမှုကို တိုးမြှင့်ဆောင်ရွက်သွားရန်” ဟူသည့် အာဆီယံ၏ရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန် စက်သုံးဆီများတွင် အီသနောရောစပ်၍ ဇီဝအီသနောလောင်စာစက်သုံးဆီအဖြစ် စနစ်တကျတိုးမြှင့်ထုတ်လုပ်သုံးစွဲသွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇီဝအီသနော(Bioethanol) ကို နိုင်ငံအသီးသီးတွင် ပြောင်းဖူး၊ ကြံ၊ ပီလောပီနံနှင့် သကြားချက်ရာမှ ထွက်ရှိသော သကာရည်များမှ အဓိကထုတ်လုပ်ကြသည်ကို တွေ့ရှိရပြီး ဘရာဇီးနိုင်ငံတွင် ဘိုင်အိုအီသနောကို ကြံမှလည်းကောင်း၊ အမေရိကန်နိုင်ငံတွင် ပြောင်းဖူးမှလည်းကောင်း ထုတ်ယူကြောင်း လေ့လာသိရှိရသည်။

ပြည်ပမှတင်သွင်းသည့် ရေနံထွက်ပစ္စည်းများအပေါ် မှီခိုနေရသည့် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် လေ၊ နေ၊ ရေအား၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်များထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ရာတွင် လယ်ယာထွက် သီးနှံနှင့် ဘေးထွက်ပစ္စည်းများ၊ အခြားဇီဝအရင်းအမြစ်များမှနေ၍ ဇီဝလောင်စာစက်သုံးဆီများကို ပြည်တွင်း၌ ကျယ်ပြန့်စွာထုတ်ယူနိုင်ကြောင်းတွေ့ရှိရသည်။

စာမျက်နှာ ၇ သို့ ▲

> **‘ပြည်ပမှတင်သွင်းသည့် ရေနံထွက်ပစ္စည်းများအပေါ် မှီခိုနေရသည့် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် လေ၊ နေ၊ ရေအား၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်များထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ရာတွင် လယ်ယာထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းများ၊ အခြားဇီဝအရင်းအမြစ်များမှနေ၍ ဇီဝလောင်စာစက်သုံးဆီများကို ပြည်တွင်း၌ ကျယ်ပြန့်စွာထုတ်ယူနိုင်’**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်နေသည့် အီသနောတန်ချိန်ငါးသောင်းထွက် စက်ရုံစီမံကိန်းမှ တင်လဲရည်ကန်ကြီး တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်နေသည့် အီသနောတန်ချိန်ငါးသောင်းထွက် စက်ရုံစီမံကိန်းမှ အီသနောသိုလှောင်ကန်ကြီးများ တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲ ကြည့်ရှုအားပေး





နေပြည်တော် ဇူလိုင် ၂၄

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် သွေးသစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမားများကို ရွေးချယ်လေ့ကျင့် ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏အနှစ်သာရများ အကောင်အထည်ပေါ်လာအောင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစား သမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ယနေ့ အမျိုးသားပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဖူဆယ်အားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှု ခိုင်မာလာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်းများ ပြန့်ပွားလာစေရေး၊ လူငယ်များ ဖူဆယ်အားကစားနည်းကို ပိုမို စိတ်ဝင်စားလာစေရေးနှင့် မြန်မာ့ဖူဆယ်အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး အတွက်ရည်ရွယ်၍ ကျင်းပပေးခြင်း ဖြစ်သည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**


၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း အားကစားသမား စုစုပေါင်း ၃၅၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

▲ စာမျက်နှာ ၆ မှ

## သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော ရေမဲ့အီသနော

ထိုသို့ဆောင်ရွက်ရန် ပြည်တွင်း၌ စိုက်ပျိုးရေးကုန်ကြမ်းသီးနှံများ လုံလောက်စွာရရှိရန်လည်း လိုအပ်သည်။ သို့မှသာ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော ရေမဲ့အီသနော (Anhydrous Ethanol) များ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပမှ တင်သွင်းလာသည့် ဓာတ်ဆီများနှင့် ရောနှောအသုံးပြု၍ စက်သုံးဆီအရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။

ထို့ပြင် အီသနောထုတ်လုပ်ရန်အတွက် အဓိကဖြစ်သည့် ပြောင်းနှင့် ကြံသီးနှံများကိုသာမက ကုန်ကြမ်းအဖြစ်အသုံးပြုနိုင်သည့် အခြားအစားထိုးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုအပ်သည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အီသနောဇီဝလောင်စာထုတ်လုပ်ရန် လိုအပ်သည့် စက်မှုကုန်ကြမ်းသီးနှံများ ပြတ်လပ်မှုမရှိဘဲ စဉ်ဆက်မပြတ် ရရှိနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေးကဏ္ဍတွင်လည်း နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ဝင်ငွေများတိုးပွားလာခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။




ပြည်တွင်း၌ ပုဂ္ဂလိကအခန်းကဏ္ဍမှ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပြောင်းသီးနှံစက်မှုကုန်ကြမ်းမှ အီသနောတန်ချိန် ၂၀၀၀၀ နှင့် တင်လဲရည်မှ အီသနောတန်ချိန် ၅၀၀၀၀ စုစုပေါင်း တစ်နှစ်လျှင် အီသနောတန်ချိန် ၇၀၀၀၀ (လစဉ် ဂါလန် ၂ ဒသမ ၁ သန်း) ထုတ်လုပ်ပေးနိုင်မည့် စက်ရုံများ တည်ဆောက်လျက်ရှိရာ အဆိုပါစက်ရုံများပြီးစီးပါက ယင်းစက်ရုံများမှ ထွက်ရှိလာသောအီသနောများကို ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများနှင့်ရောစပ်ကာ ဇီဝလောင်စာစက်သုံးဆီအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ၏ စက်သုံးဆီသုံးစွဲမှုတွင် ပြည်ပစက်သုံးဆီလျှော့ချသုံးစွဲနိုင်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် Gasohol (E 10) ကို တွင်ကျယ်စွာအသုံးပြုနိုင်ပါက နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေး (Energy Security) အထောက်အကူဖြစ်စေခြင်း၊ ဇီဝလောင်စာစက်သုံးဆီ အစားထိုးသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်စေခြင်း၊ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် စွမ်းအင်လိုအပ်ချက်၊ လောင်စာဆီရှားပါးလာမှု ပြဿနာများကို နိုင်ငံတကာနည်းတူ ရင်ဆိုင်ကျော်လွှားနိုင်ပြီး စွမ်းအင်ဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေသည့် "နိုင်ငံတွင်း ဇီဝလောင်စာစက်သုံးဆီရောစပ် ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် အနာဂတ်စက်သုံးဆီသုံးစွဲမှုတွင် အီသနောရောစပ်၍ ဇီဝလောင်စာစက်သုံးဆီ ထုတ်လုပ်အသုံးပြုနိုင်ရေး"ကို နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်ကြီးများ၊ လုပ်ငန်းဆောင်ရွက်သူများ၊ အများပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ညီနောင်အသင်းများ တွေ့ဆုံပွဲတွင် ကဏ္ဍအသီးသီးရှိ ပုဂ္ဂလိက အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဆက်လက် အကောင်အထည်ဖော် ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။




အစည်းအဝေးသို့ ဒုတိယဝန်ကြီး ချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင် အသင်းအဖွဲ့ ၁၈ ခုမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူး ၃၈ ဦးနှင့် ဌာန ဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယခုအစည်းအဝေးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ညီနောင်အသင်း အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တွေ့ဆုံပွဲ၌ လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ပြန်လည် မြှင့်တင်နိုင်ရေး ဘက်ပေါင်းစုံမှ နေ၍ အစိုးရနှင့် ပုဂ္ဂလိက လက်တွဲ ကြိုးပမ်း ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကိစ္စ များအပေါ် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးရန် ဖြစ်ပါကြောင်း၊ လက်တွေ့ ထိရောက်သည့် နည်းလမ်းများဖြင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ် လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင် ပြီး ထွက်ရှိလာသည့် ကုန်ကြမ်း ပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပ ပို့ကုန်များ တိုးတက်ရရှိလာမည် ဖြစ်ပါက လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးများ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံများ ဖြစ်သည့် မြေပဲနှင့် နှမ်းများကို ပိုမို စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ၌ အသုံးပြုဆောင်ရွက်မည်ဆိုပါက ဆီစက်များ လည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ် သည့် နှမ်းဖတ်၊ ပဲဖတ်များ ရရှိ ခြင်း၊ အလုပ်အကိုင်များ ရရှိခြင်း များဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှု များကို များစွာအထောက်အကူပြု စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ချက်တွင် ပါရှိသည့် အချက်များကို အလေး ထားဆောင်ရွက်ရန် လိုပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရန်အတွက် အားပေးဆောင်ရွက်ရန် လိုအပ် သဖြင့် ပေါင်းစပ်ညှိနှိုင်းကြရမည် ဖြစ်ကြောင်းနှင့် ပို့ကုန်မြှင့်တင်ရေး အတွက် ပေါင်းစပ်ဆောင်ရွက်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ တွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်း ချုပ်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့ များ တွေ့ဆုံပွဲတွင် ပုဂ္ဂလိက ကဏ္ဍမှ တင်ပြချက်များအပေါ် အသေးစိတ်ထပ်မံတင်ပြခြင်းနှင့် ထပ်မံဖြည့်စွက် တင်ပြလိုသည် များကိုလည်းကောင်း၊ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း တင်ပြခဲ့ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေး သည်။ ထို့နောက် ဒုတိယဝန်ကြီး ချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်အမှာစကားပြောကြား ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးရှိ အဘိုးအဘွားများအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ဆားလင်းကြီးမြို့နယ်မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

မုံရွာ ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွားများအတွက် လူမှုရေး ပင်စင် ထောက်ပံ့ပေးအပ်ပွဲ အခမ်း အနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်း အတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသ ကြီး/ခရိုင်/မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ သက်ကြီး အဘိုး အဘွားများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် က နိုင်ငံတကာတွင် သက်ကြီး ရွယ်အိုများအား စောင့်ရှောက်မှု ပေးနေသည့် နည်းစနစ်များနှင့် ပေါင်းစပ်ပြီး သက်ကြီးရွယ်အိုများ အား စောင့်ရှောက်မှုပေးသည့် အပြင် လူမှုရေးပင်စင်များလည်း ထောက်ပံ့ပေးလျက် ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု နှင့် ပုဂ္ဂလိက စသည့် သက်ဆိုင် ရာ အခန်းကဏ္ဍအလိုက် ဟန်ချက် ညီညီ ပူးပေါင်းဆောင်ရွက်မှသာ သက်ကြီးရွယ်အိုများအရေးကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်းရှိ အဘိုးအဘွား ၁၀၄၇၉ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၁၄၃၇၀၀၀၀ ကို တိုင်းဒေသကြီး အုပ်ချုပ် ရေးမှူးထံ ထောက်ပံ့ပေးအပ်ပြီး မုံရွာခရိုင်အတွင်းရှိ အဘိုးအဘွား ၁၆၅၅ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၄၉၆၅၀၀၀၀ ကို တိုင်းဒေသကြီး အုပ်ချုပ် ရေးမှူးက မုံရွာခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌထံ ထောက်ပံ့ ပေးအပ်သည်။



ဆက်လက်၍ အဘိုးအဘွားများ ကိုယ်စား အဘိုးတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြား ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနား သို့ တက်ရောက်လာကြသော အဘိုးအဘွားများအား ထောက်ပံ့ ငွေများ လက်ရောက်ပေးအပ် ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံ ကျောင်းတိုက် ဓမ္မာရုံတွင် ဆားလင်းကြီးမြို့နယ် ကျေးရွာ သုံးရွာမှ ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် စားသောက် ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားပေးစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ယာယီ တိုက်ပွဲရှောင် ပြည်သူများထံ ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကာ ယာယီ တိုက်ပွဲရှောင် ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင် ပြည်သူများ အား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တီးတိန်မြို့နယ်၌ ပင်စင်လစာများ ထုတ်ပေးလျက်ရှိ

တီးတိန် ဇူလိုင် ၂၄

ချင်းပြည်နယ် တီးတိန်မြို့ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)မှ နိုင်ငံ့ ဝန်ထမ်းပင်စင်စားများ၏ ပင်စင် လစာများကို တီးတိန်မြို့ မြို့မ ရဲစခန်း၌ ယနေ့နံနက်ပိုင်းတွင် ဆက်လက် ထုတ်ပေးလျက်ရှိ သည်။

ထိုသို့ ထုတ်ပေးရာတွင် ပင်စင်စား အဘိုး အဘွားများအား တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် တာဝန်ရှိသူများက သွားရောက် အားပေးစကား ပြောကြားပြီး အချိုရည်နှင့် မုန့်များ ပေးအပ်ခဲ့ ကြောင်း သိရသည်။

တီးတိန်မြို့နယ်တွင် နိုင်ငံရေး ပင်စင်၊ မြို့ပြပင်စင်၊ ကာကွယ်ရေး ပင်စင်နှင့် မစဘပင်စင် လစာခံစား သူ စုစုပေါင်း ၁၃၆၇ ဦး ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

ကျန်းမာရေးဝန်ကြီးဌာနတွင် ဆရာဝန် (သစ်လွင်) များနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ Stadium (B)၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်သင်ကာလပြီးမြောက်ခဲ့သည့် ဆရာဝန်(သစ်လွင်) ၃၂၆ ဦးနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) ၆၅ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီစေရေးအတွက် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုထက်ပိုမို၍ အဆင့်မြှင့်တင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ဆေးရုံ/ ဆေးခန်း အဆောက်အအုံများ၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ စက်ကိရိယာများ ပြည့်စုံရန် လိုအပ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လုံလောက်စွာရှိရမည်ဖြစ်ကြောင်း၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) များအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် မိမိတို့အနေဖြင့် မည်သည့်ဒေသက လာရောက်သည်ဖြစ်စေ တာဝန်ကျရာ ဒေသအတွင်းတွင် နေထိုင်သည့် ပြည်သူများအပေါ် တစ်သွေးတည်း တစ်သားတည်း၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမကဲ့သို့ သဘောထား၍ ကျန်းမာရေးစောင့်ရှောက်မှုများ အရည်အသွေးပြည့်ဝစွာ ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာသိပ္ပံသင်တန်းများနှင့် ပါရဂူသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာ စာမေးပွဲများဖြစ်သည့် MRCP၊ MRCS၊ MRCOG စသည်တို့ ဖြေဆိုနိုင်ရေး အပါအဝင် ပြည်ပဘွဲ့လွန်သင်တန်းများကိုလည်း ခွင့်ပြုစေလွှတ်ပေးလျက်ရှိပြီး ပညာရပ်နယ်ပယ်အသီးသီးတွင် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရသည့် ထူးချွန်အောင်မြင်သော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ဆေးပညာရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသောဆရာဝန်များ၊ သွားနှင့်ခံတွင်း ဆရာဝန်များ ဖြစ်ကြစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ် (မန္တလေး)နှင့် ဆေးတက္ကသိုလ်(မကွေး)တို့ရှိ ဆရာဝန် (သစ်လွင်)များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)တို့ရှိ သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်) များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်သည့် အမိန့်ကြော်ငြာစာများ ပေးအပ်သည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၂) သင်တန်းဖွင့်ပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၄**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၀၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဟူသော ဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်တို့ကို လိုက်နာကာ နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများဖြစ်အောင် ကြိုးစားသွားကြရန်၊ ပါတီနိုင်ငံရေး ကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးကို ရှေးရှု၍ မျိုးဆက်သစ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

**ငါးပတ်ကြာဖွင့်လှစ်မည်**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၀၂)သို့ သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၄၃၆ ဦး စုစုပေါင်း ၄၈၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၉၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၂၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၉၄,၂၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၀,၉၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၄**

မိတ္ထီလာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များ ဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြောပွဲနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်လျော့ကျစေရေး အသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမအနီးနှင့် အထက(၄) ခန်းမ၌ ကျင်းပသည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

အဆိုပါ အသိပညာပေးခြင်းကို အထက(၄) အရှေ့ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမအနီးတွင်ပြုလုပ်ရာ လမ်းသွားလမ်းလာ ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြန့်ဝေပေးသည်။ ဆက်လက်၍ အသိပညာပေးဟောပြောပွဲကို အထက(၄) ခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။



အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းအမျိုးသမီးငယ်များအဖွဲ့က စနစ်တကျ အမှိုက်စွန့်ပစ်ရေး အသိပညာပေးတေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် လက်တွေ့အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ
## မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်က ငွေကျပ်သိန်းတစ်ထောင် ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူမှုရေး စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System–SMIS) လက်တွေ့အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ငွေကြေးထောက်ပံ့မှု အစီအစဉ်များအနေဖြင့် လုပ်ငန်းပမာဏကြီးမားလာပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို Manual စနစ်မှ Digital Platform စနစ်တစ်ခုကိုအသုံးပြုပြီး အကောင်အထည်ဖော်ရန် လိုအပ်နေသည့်အတွက် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System – SMIS) Software ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ သတင်းနည်းပညာဌာန၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်မှစတင်ပြီး အသုံးပြုနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ SMIS စနစ်ကို တည်ထောင်နိုင်သည့်အတွက် စာရင်းသွင်းလျှောက်ထားလာသူများ၏ အချက်အလက်များကို လွယ်ကူစွာအတည်ပြုနိုင်ပြီး စာရင်းထပ်ခြင်းများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစနစ်ကို တည်ဆောက်ခြင်းအားဖြင့် တိကျ သည့် ထောက်ပံ့မှုစနစ်၊ ထောက်ပံ့ကြေးကို အလိုအလျောက် တွက်ချက်ပေးသည့်စနစ်များကြောင့် စာရင်းစစ်ဆေးမှုခံယူရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းတွင် အကျိုးခံစားခွင့်ရှိသူများ၏ အတည်ပြုစာရင်းများ (Payment Sheet) ထွက်ရှိသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၁၀၉ဦး တက်ရောက်လျက်ရှိပြီး ခြောက်ရက်တာသင်တန်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ၌ ကျင်းပသည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်က အလှူငွေလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်က လှူဒါန်းသည့် ငွေကျပ် သိန်းတစ်ထောင်ကို လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၅)၊ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၆) နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၂) သင်တန်းဖွင့်ပွဲများ ကျင်းပ

ဇီးပင်ကြီး ဇူလိုင် ၂၄

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၅)၊ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၆) နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၂)ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အခြေခံပညာ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားများတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၅) သို့ ဝန်ကြီးဌာနများမှ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၁၄ဦး စုစုပေါင်း ၄၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၄ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၆)သို့ သင်တန်းသား ၁၂၅ ဦး၊ သင်တန်းသူ ၁၂၄ ဦး စုစုပေါင်း ၂၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ်ကြာမြင့်မည်ဖြစ်သည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇၂) သို့ သင်တန်းသား ၈၇ ဦး၊ သင်တန်းသူ၃၇၄ဦး စုစုပေါင်း ၄၆၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်နှင့် တာဝန်ရှိသူများသည် တက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၏ သင်ခန်းစာပို့ချနေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြ

ဟသ်ာတ ဇူလိုင် ၂၄

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် အင်းခဝယ် ကျေးရွာရှိ တောင်သူပညာပေးစခန်းတွင် မိုးစပါးတစ်ဧကလျှင် ၁၀၀တင်းနှုန်း ပိုမိုထွက်ရှိစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများသို့ (ကွန်ပေါင်းမြေဩဇာ၊ ယူရီးယားမြေဩဇာ၊ သဘာဝမြေဩဇာ) သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါနေရာတွင် ကျင်းပသည်။

အခမ်းအနားသို့ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်း အကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ဟသ်ာတခရိုင် စိုက်/တိုး/မြင့်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟသ်ာတမြို့နယ် စိုက်/တိုး/မြင့်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သွင်းအားစုရယူဆောင်ရွက်ကြမည့်တောင်သူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက တောင်သူများကို ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ သွင်းအားစုများ ပေးအပ်ခဲ့ကြသည်။



ဆက်လက်၍ နံနက် ၉ နာရီခွဲတွင် ဟသ်ာတမြို့ အမှတ် (၁) မြို့ရှောင်လမ်းရှိ ကွင်းအမှတ် (၁၄၆၁) ဦးပိုင် ၁၄/၁ ဧရိယာ ၄ ဒသမ ၉၈ ဧက စိုက်ခင်းတွင် KUBOTA ကောက်စိုက်စက်ဖြင့် လက်တွေ့ စိုက်ပျိုးသရုပ်ပြခဲ့ရာ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ တောင်သူများက လေ့လာကြည့်ရှုအားပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



# မရမ်းကုန်းမြို့နယ်၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်လှစ်သင်ကြား

ရန်ကုန် ဇူလိုင် ၂၄

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း (၂/၂၀၂၃) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီး သူများပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က မူးယစ်ဆေးဖြတ်ပြီးသူများ မူးယစ် ဆေးပြန်လည်မသုံးစွဲမိစေရန် စေတနာ့ဝန်ထမ်း ကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးကြောင်းပြောကြားခဲ့ပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မူးယစ်ဆေးစွဲသူများပြန်လည် ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

သင်တန်းကို ဇူလိုင်၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်း–လင်းရာမ၊ ဓာတ်ပုံ–ကိုထက်**

# မြိတ်နှင့် ပုသိမ်ကြီးမြို့နယ်များ၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအနီးတွင် ကျော်မျိုးဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ညနေ ၄ နာရီ ၃၅ မိနစ်တွင် နောက်လယ်ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာအနီးရှိ မန္တလေး–ပြင်ဦးလွင်သွားကားလမ်းတွင် ကျော်မင်းထွန်း(ခ)ပါးဖောင်း မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဇော်မျိုးလွင်မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုနှင့် နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေများ လှည့်လည်ကြည့်ရှု

စစ်တွေ ဇူလိုင် ၂၄

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ဦးစွာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဇေတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မုန်တိုင်းဒဏ်ကြောင့် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင်ပြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီး သိမ်တော်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများက



မူလလက်ရာအတိုင်း ပြန်လည်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ယခုကျောင်းတိုက်ကြီးသည် သမိုင်းဝင်ကျောင်းတိုက်ကြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာများအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက စည်ပင်သာယာရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအား တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ အမှိုက်သိမ်းကားများဖြင့် အမှိုက်များကို သိမ်းယူ၍ သတ်မှတ်နေရာများ၌ စနစ်တကျစွန့်ပစ်ပေးရေး၊ ရပ်ကွက်နေပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ရန်အတွက် ခေါင်းလောင်းထိုးစနစ်ဖြင့် အမှိုက်သိမ်းဆည်းနေသည့် အမှိုက်ကားများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် အချိန်မှန် လှည့်လည်သိမ်းဆည်းနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (စစ်တွေ) သို့ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် စာသင်ဆောင်များ၊ စာသင်ခန်းမများနှင့် ကျောင်းသားကျောင်းသူများ၏ အိပ်ဆောင်များ ပျက်စီးခဲ့မှုအား ပြုပြင်ပေးနေမှုကို သွားရောက်စစ်ဆေးစဉ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လှိုင်ဦးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်ခံနိုင်ရန်အတွက် အရိပ်ရလေကာပင်များ ရှင်သန်ကြီးထွားအောင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြရန်နှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ကျောင်းတက်ရောက် ပညာသင်ကြားနေမှုများကို ပြန်လည်ဆွေးနွေးမှာကြားခဲ့ပြီး စာသင်ခန်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ လေယာဉ်ကွင်းသွားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါရပ်ကွက်ရှိ ထောင်ပိုင်ကွင်းဧရိယာ၌ မိုးစပါး စနစ်တကျစိုက်ပျိုးနိုင်ရေး ကွင်းသရုပ်ပြပွဲ ဆောင်ရွက်နေမှုနှင့် ကောက်စိုက်စက်ဖြင့် တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးဗန်းများနှင့် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးကာ တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံအား ဝေငှပေးကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနရှိ ဂိုဒေါင်သို့ သွားရောက်ပြီး ထောက်ပံ့ပစ္စည်းများ စာရင်းဇယားများနှင့် ကိုက်ညီမှု ရှိ/မရှိ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဦးဥတ္တမခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး လေဘေးသင့် ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တာဝန်ရှိသူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ MEC (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) မှ ထုတ်လုပ်သည့် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ပြည်သူလူထုထံ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့ပြင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မေယုရတနာခန်းမ၌ အနောက်ရပ်ကွက်နှင့် မြို့မရပ်ကွက်နေ ပြည်သူများအား မြို့သန့်ရှင်း



သာယာလှပရေး အသိပညာပေးဟောပြောဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောနေမှုများကို သွားရောက်ကြည့်ရှုပြီး အားပေးစကားများပြောကြားသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရိက္ခာရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူပြီး ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ကျောင်းဝင်းအတွင်းရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ မိဘမဲ့ကျောင်းသားများအား ဗလာစာအုပ်များ ထောက်ပံ့လှူဒါန်းကြသည်။ ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ၂၀၂၃ ခုနှစ် ဒီရေတောပင်များစိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄


ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ၂၀၂၃ ခုနှစ် ဒီရေတောပင်များ စိုက်ပျိုးပွဲနှင့် ကမ်းခြေသန့်ရှင်းရေးလုပ်အားပေးပွဲကို သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် မြစ်ကမ်းနားတစ်လျှောက်တွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ ပါဝင်ဆောင်ရွက်ကြသည်။

ဒီရေတောပင်များ စိုက်ပျိုးပွဲတွင် လမုပင်နှင့်ဓနိပင် စုစုပေါင်းအပင် ၇၀၀ စိုက်ပျိုးခဲ့ပြီး မြစ်ကမ်းနားတစ်လျှောက်တွင် ကမ်းခြေသန့်ရှင်းရေးအတွက် အမှိုက်များရှင်းလင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာငွေကျပ် နှစ်သောင်းတန်အသစ် ရိုက်နှိပ်ထုတ်ဝေမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက် ဗဟိုဘဏ်ထုတ်ပြန်ချက်အရ မြန်မာငွေကျပ် နှစ်သောင်းတန်အသစ် ရိုက်နှိပ်ထုတ်ဝေမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် မေးမြန်းဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်။




**မေး။** အခုလို ငွေကျပ်နှစ်သောင်းတန် ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့အတွက် လတ်တလောမှာ နိုင်ငံခြားငွေဈေး၊ ရွှေဈေးတွေအပါအဝင် ကုန်ဈေးနှုန်းကြီးမြင့်လာတဲ့အတွက် ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်လျက်ရှိပါတယ် ခင်ဗျာ။ ဒီလိုဖြစ်ပေါ်တဲ့ အခြေအနေနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ ပြည်သူလူထုကို ဘာများအသိပေးပြောကြားလိုပါသလဲ ခင်ဗျာ။

ဖြေ။ ဒီကိစ္စနှင့်ပတ်သက်ပြီး မနေ့ကကော ဒီနေ့ကော ဖြစ်ပေါ်လာတဲ့ အကြောင်းအရင်းတွေကို လိုက်လံစုံစမ်းကြည့်တယ်။ ပထမဦးဆုံးက ကောလာဟလပေါ့။ ကောလာဟလနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ဟာတွေကို ပထမဦးဆုံးပြောချင်တယ်။ မနေ့က မနက် ၈ နာရီမှာ ငွေကျပ်နှစ်သောင်းတန်အသစ် ထုတ်ဝေတာနဲ့ပတ်သက်ပြီး ဗဟိုဘဏ်က ကြေညာချက်ထွက်ခဲ့တယ်။ အဲဒီလိုဖြစ်ပြီး နေ့လယ်ပိုင်းလောက်မှာ တချို့သောနေရာတွေက နေပြီးတော့ ကောလာဟလနှစ်ခုထွက်လာတယ်။ နံပါတ်တစ်ကောလာဟလက နှစ်သောင်းတန်တွေ အသစ်ထွက်ပြီပေါ့ဗျာ။ နောက်ထပ်လည်း ထွက်လာနိုင်သေးတယ်။ နောက်ထပ်လည်း ဒ့ါထက် တန်ဖိုးမြင့်တဲ့ဟာတွေ ထွက်လာနိုင်သေးတယ်။ မြန်မာငွေကြေးတန်ဖိုးကျမယ်။ ငွေကြေးဖောင်းပွလာနိုင်တယ်ဆိုပြီး ထွက်လာတယ်။ နောက်တစ်ခုကတော့ မရှေးမနှောင်းလောက်မှာ အဲဒီနေ့ခင်းပိုင်းမှာ ထပ်ပြီးထွက်လာတာက ငွေစက္ကူအသစ်တွေ ထွက်လာတဲ့အတွက် ယခင်တုန်းကသုံးနေတဲ့ အဟောင်းတွေ ဖျက်သိမ်းခံရနိုင်တယ်ဆိုပြီးတော့ ရည်ရွယ်ချက်ရှိရှိနဲ့ ကောလာဟလတွေထွက်လာတယ်။ အဲဒီလို ထွက်လာပြီးနောက်ပိုင်းမှာ အဲဒီနေ့ကတနင်္ဂနွေနေ့ဆိုတော့ဒေါ်လာဈေးလည်းတက်ရိပ်ပြလာတယ်။ ရွှေဈေးလည်းတက်ရိပ်ပြလာတယ်။ ရုံးပိတ်ရက်ဖြစ်တဲ့အတွက်ကြောင့် လက်တွေ့အရောင်းအဝယ်ဖြစ်တာမဖြစ်တာထက် ဒေါ်လာဈေးတက်ရိပ်ပြလာတယ်။ ရွှေဈေးတက်ရိပ်ပြလာတယ်။ အဲဒီလိုမျိုးဖြစ်ပြီးတော့ ဒီနေ့မနက်မှာ ဗဟိုဘဏ်ကနေပြီးတော့ အများပြည်သူသိစေရန်ဆိုပြီး ထုတ်ပြန်ချက်တစ်ခုထပ်ပြီးတော့ အမေးအဖြေကဏ္ဍလေးတစ်ခု ထုတ်ပြန်ခဲ့တာရှိတယ်။ အဲဒီအထဲမှာ အချက်အလက် ပြည့်ပြည့်စုံစုံပါပါတယ်။ နံနက် ၉ နာရီလောက်မှာ ဗဟိုဘဏ်ကထုတ်ပြန်ပြီး နံနက် ၁၀ ခွဲ ၁၁ နာရီလောက်မှာ နောက်ထပ်ကောလာဟလတက်လာတယ်။ အဲဒါကတော့ ဗဟိုဘဏ်ရဲ့အမေးအဖြေထဲက လိုတာပဲဖြတ်ယူခဲ့တာ ဒီကျပ်ငွေ နှစ်သောင်းတန်ငွေစက္ကူက တစ်ယောက်ကို သုံးရွက်ရမယ်ဆိုတာမျိုးပေါ့လေ။ မြန်မာနိုင်ငံလူဦးရေနဲ့တွက်ရင်တောင်မှ ပိုက်ဆံအများကြီး ရိုက်နှိပ်ထုတ်ဝေပြီးပြီဆိုတဲ့ဟာမျိုး၊ ပြီးရင်တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ တချို့သော ပြည်ပြေးမီဒီယာတွေက ဖော်ပြလာတယ်။ မြန်မာ့စီးပွားရေးလေ့လာသူတစ်ဦးဆိုပြီး ထုံးစံအတိုင်း သူတို့ရဲ့လုပ်ကြံဇာတ်လမ်းတွေပေါ့ဗျာ။ မြန်မာ့ငွေရေးကြေးရေး စောင့်ကြည့်သူတစ်ဦးဆိုပြီး ဒါတွေနဲ့ အစိုးရအနေနဲ့ စက္ကူအသစ်တွေရိုက်နှိပ်ထုတ်ဝေရပြီ။ စီးပွားရေးအရ အခြေအနေမကောင်းဘူးဆိုပြီး ဒါတွေထွက်လာတယ်။ ထွက်လာပြီးနောက်ပိုင်းမှာ ဒေါ်လာဈေးနဲ့ ရွှေဈေးတက်သွားတယ်။ နောက်ပိုင်းမှာ အခြားကုန်ဈေးနှုန်းတွေပါ ဆွဲတင်ခြင်းခံလိုက်ရတယ်။ အဲလိုဖြစ်ပေါ်လာအောင် ထိုးနှက်တိုက်ခိုက်ရတဲ့ အဓိကအကြောင်းကတော့ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်မှာ ဗဟိုဘဏ်ကကြေညာချက်ထုတ်တယ်။ အဲဒီကြေညာချက်က ဘာလဲဆိုတော့ ယခင်တုန်းက ပို့ကုန်သွင်းကုန်တွေပေါ့လေ။ ပို့ကုန်ကရရှိတဲ့ ပို့ကုန်ရငွေပမာဏ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့လဲလှယ်ဖို့ ထွက်ထားတာရှိတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနဲ့ MSME လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံတဲ့အခါမှာပဲဖြစ်ဖြစ်၊ အချိုး ၆၅ ရာခိုင်နှုန်းပေါ့။ မြန်မာကျပ်ငွေနဲ့ လဲလှယ်ဖို့ဆိုတာကို သင့်လျော်တဲ့အချိန်မှာ ပြင်ပေးဖို့၊ လျှော့ချဖို့ဆိုတာကို အမြဲတမ်းပြောနေတာရှိတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကော စက်မှုလုပ်ငန်းရှင်တွေကောပေါ့။ ဒါနဲ့ပတ်သက်ပြီး ဇူလိုင်လ ၁၃ရက်နေ့မှာ ကျွန်တော်တို့က ပို့ကုန်တင်ပို့သူများအနေနဲ့ ပို့ကုန်ရငွေရဲ့ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့လဲလှယ်မယ့်အစား ၅၀ ရာခိုင်နှုန်းသာ လဲလှယ်ရန်ဆိုပြီး ဗဟိုဘဏ်ကထုတ်ပြန်လိုက်တယ်။ ထုတ်ပြန်ပြီးနောက်ပိုင်းမှာ အားလုံးလည်း သတိပြုမိလိမ့်မယ်။ ကုန်သွယ်မှုအရှိန် ပိုပြီးကောင်းလာတယ်။ ဒ့ါအပြင် ဈေးကွက်အတွင်းမှာ နိုင်ငံခြားငွေရရှိမှု ပိုကောင်းလာတယ်။ ဒေါ်လာဈေးအနေနဲ့ ပိုပြီးတည်ငြိမ်သွားတယ်။ ဒါတွေဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီအချိန်မှာ ငွေစက္ကူနှစ်သောင်းတန်အသစ်ထုတ်ဝေတဲ့အခါမှာ ဒီဟာကို မတည်ငြိမ်အောင် ကောလာဟလအနေနဲ့ ထပ်ဆင့်ထုတ်လွှင့်ပြီး လုပ်ဆောင်နေတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အရေးကြီးတာက ပြည်သူလူထုကို အသိပေးချင်တာ၊ အာမခံချက်ပေးချင်တာပဲဖြစ်ပါတယ်။ ဗဟိုဘဏ်က ထုတ်ပြန်တဲ့ ဒီနေ့မနက် ၉ နာရီလောက်မှာ ဗဟိုဘဏ်ကအမေးအဖြေနဲ့ ထုတ်ပြန်ချက်က ပြည့်စုံပါတယ်။

ဒါပေမယ့် နည်းပညာပိုင်းဆိုင်ရာ အသုံးအနှုန်းတွေပါတဲ့အတွက် ပြည်သူလူထုအနေနဲ့ ရှင်းရှင်းလင်းလင်းနားလည်ချင်မှ နားလည်ပါလိမ့်မယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အသိပေးလိုတာရှိပါတယ်။ နံပါတ်(၁)အချက်အနေနဲ့သိထားရမှာက ဒီငွေစက္ကူအသစ် ကျပ်နှစ်သောင်းတန်က အလုံးအရင်းနဲ့ထုတ်တဲ့ ပိုက်ဆံမဟုတ်ဘူး။ အထိမ်းအမှတ်အနေနဲ့ ထုတ်လိုက်တဲ့ ငွေစက္ကူပဲဖြစ်တယ်။ အခြားနိုင်ငံတွေမှာလည်း ဒီလိုအထိမ်းအမှတ်အနေနဲ့ ထုတ်တဲ့ ငွေစက္ကူတွေရှိခဲ့ဖူးတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ငွေစက္ကူကိုအထိမ်းအမှတ်အနေနဲ့ထုတ်လုပ်ခဲ့တာမရှိခဲ့ပါဘူး။ ဒါပေမဲ့ (၇၅)နှစ်ပြည့် စိန်ရတုလွတ်လပ်ရေးနေ့တုန်းကတော့ အထိမ်းအမှတ်အနေနဲ့ ရွှေဒင်္ဂါးပြားတွေထုတ်ဝေခဲ့တာရှိပါတယ်။ အဲဒီအချိန်တုန်းကလည်း သတ်မှတ်ထားတဲ့ ငွေကြေးပမာဏပေးပြီး ဝယ်လို့ရတယ်ဆိုပေမယ့် များများစားစားဝယ်လို့ရတာ မဟုတ်ပါဘူး။ အခုကိစ္စမှာလည်း ဒီလိုပါပဲ အတူတူပါပဲ။ ကျွန်တော်ပြောချင်တဲ့နောက်တစ်ချက်က ဗဟိုဘဏ်ရဲ့ ထုတ်ပြန်ချက်ထဲမှာ ပါပါတယ်။ ဒီငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်က အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ငွေစက္ကူဖြစ်တဲ့အတွက် အဲဒီပိုက်ဆံနဲ့ တန်ဖိုးတူညီတဲ့ငွေပမာဏကို ဘဏ်ကိုသွားသွင်းမှ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ အဲဒီလိုထုတ်ပေးတဲ့နေရာမှာလည်း အကန့်အသတ်ရှိပါတယ်။ ဘဏ်ကိုသွားပြီး အခုထုတ်လိုက်တဲ့ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ် သိန်းတစ်ရာလိုချင်လို့ဆိုပြီး ကိုယ့်ရဲ့ငွေစက္ကူအဟောင်းသိန်းတစ်ရာနဲ့သွားပြီးလဲရင်လည်း သိန်းတစ်ရာထုတ်မပေးနိုင်ပါဘူး။ တစ်ဦးကိုသုံးရွက်ပဲ ထုတ်ပေးမှာဖြစ်ပါတယ်။ အဲဒီသုံးရွက်ကိုလည်း အလကားထုတ်ပေးမှာ မဟုတ်ပါဘူး။ မြန်မာစကားပုံနဲ့ အားလုံးနားလည်အောင် လွယ်လွယ်ပြောရမယ်ဆိုရင် ဆန်ပေးမှဆီရမယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဒီငွေစက္ကူတွေကိုလည်း ငွေစက္ကူအဟောင်းနဲ့ လဲလှယ်နိုင်အောင် လုပ်တာဖြစ်ပါတယ်။ လာရောက်လဲလှယ်တဲ့ ငွေစက္ကူအဟောင်းတွေကိုလည်း ဗဟိုဘဏ်က အကုန်လုံး ဖျက်ဆီးပစ်လိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ငွေရေးကြေးရေးဈေးကွက်ထဲမှာ ဒီငွေစက္ကူ ကျပ်နှစ်သောင်းတန်အသစ်တွေ အလုံးအရင်းနဲ့ ဝင်ရောက်လာဖို့ ဆိုတဲ့ကိစ္စက လုံးဝလည်းမဖြစ်နိုင်ဘူး၊ ဖြစ်လည်းမဖြစ်ပါဘူးလို့ အာမခံပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဆိုတာ မဖြစ်နိုင်ပါဘူး။ မတည်ငြိမ်အောင်ကောလာဟလတွေ ထုတ်လွှင့်နေတာပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ မှာ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ အာမခံပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို လက်ခံထားတဲ့အစိုးရဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပုဒ်မ ၃၆(ဃ)မှာပါတဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုဆိုတဲ့အချက်နဲ့ ပုဒ်မ ၃၆(စ)မှာပါတဲ့ တရားဝင်ထုတ်ဝေထားသော ငွေကြေးကိုတရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဆိုတဲ့အချက်တွေနဲ့ အာမခံပြီးဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယခင်က တရားဝင်ထုတ်ဝေထားပြီး တရားဝင်အသုံးပြုနေတဲ့ငွေကြေးတွေကိုတရားမဝင်ငွေကြေးအဖြစ် ဘယ်တော့မှသတ်မှတ်မှာ မဟုတ်ပါဘူး။ ဒါကိုလည်း အာမခံချက်ပေးလိုပါတယ်။ နောက်ဆုံးအနေနဲ့ အသိပေးပြောကြားလိုတာကတော့ အခုလက်ရှိဖြစ်ပေါ်နေတဲ့ ကောလာဟလတွေထုတ်လွှင့်ဖို့အတွက် အချိန်ကိုက်ဆောင်ရွက်နေတာဖြစ်တယ်။ အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဒီအခြေအနေတွေကို ကောင်းစွာထိန်းသိမ်းနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို အသိပေးပြောကြားလိုတာကတော့ ပြည်သူလူထုအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ မိမိတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ကြောင်း ကျွန်တော်တို့အနေနဲ့ အာမခံပါတယ်လို့ ပြောချင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ကျောင်းသား ကျောင်းသူအချင်းချင်း ရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရန်နှင့် ယဉ်ကျေးလိမ္မာစွာပြောဆိုဆက်ဆံတတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကိုကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လမ်းမတော်မြို့နယ် ပညာရေးမှူး ဦးညွန့်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး လူငယ်စကားဝိုင်းစတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ဦးစီးအရာရှိဦးအောင်ဇော်ထွေး၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အထက(၁)ကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ခင်လေးမွန်တို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ အစရှိသည့် ခေါင်းစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက် ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ/ရသစာအုပ်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ယီမင်နိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနိုင်ရေး ကူညီမည်ဟု အီရတ် ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၂၄

စစ်မက်ဖြစ်ပွားနေသည့် ယီမင်နိုင်ငံတွင် တည်ငြိမ်ရေးနှင့် လုံခြုံရေးအပြည့်အဝရရှိစေရေးအတွက် ဆွေးနွေးပွဲများကျင်းပနိုင်ရန် ထောက်ခံကူညီသွားမည်ဖြစ်ကြောင်း အီရတ်နိုင်ငံက ပြောကြားသည်။

ယီမင်နိုင်ငံသားများ ငြိမ်းချမ်းရေးရရှိရေးအတွက် အီရတ်နိုင်ငံက ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း အီရတ်သမ္မတ အဗ္ဗဒူလာတဖ်ရာရှစ်က ထပ်လောင်းပြောကြားသည်။

အီရတ်နိုင်ငံ၏ ယီမင်ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို အသိအမှတ်ပြုကြောင်းနှင့် ယခုအချိန်တွင် နိုင်ငံအတွင်း စေ့စပ်ညှိနှိုင်းမှုများ စတင်နေကြောင်း ယီမင်နိုင်ငံခြားရေးဝန်ကြီး အာမက်အဝဒ်ဘင်မူဘာရက်က မှတ်ချက်ပြုသည်။

ဒေသတွင်းနှင့် ယီမင်နိုင်ငံ၌ ငြိမ်းချမ်းရေးရရှိရေးအတွက် စားပွဲဝိုင်းတွင် စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရေး အီရတ်နိုင်ငံက လိုလားကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖာ့ဒ်ဟူစိန်က ပြောကြားသည်။

ယီမင်နိုင်ငံတွင် ဆော်ဒီကျောထောက်နောက်ခံပြုထားသည့်အစိုးရကို ဟူသီစစ်သွေးကြွများက ၂၀၁၄ ခုနှစ်တွင် ဖြုတ်ချခဲ့ပြီးနောက် ပြည်တွင်းစစ်ဖြစ်ပွားကာ နိုင်ငံသားအများအပြား သေကျေခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# တရုတ်နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍတွင် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်မည်

ပေကျင်း ဇူလိုင် ၂၄

တရုတ်နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၏ အရေးကြီးမှုကို အသိအမှတ်ပြုပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်မည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဈေးကွက်အလားအလာရှိသော သယ်ယူပို့ဆောင်ရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းရေး၊ သန့်ရှင်းသော စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကော်မရှင်က ထပ်လောင်းပြောကြားသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့နှင့် မြေယာကိစ္စကဲ့သို့သော ဆောင်ရွက်မှုများကို တိုးမြှင့်ပေးမည်ဟု ၎င်းကော်မရှင်က ကတိပြုခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**




# တရုတ်နိုင်ငံက စင်ကာပူနိုင်ငံသားများအတွက် ၁၅ ရက်ကြာ ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကင်းလွတ်ခွင့်မူဝါဒကို ပြန်လည်စတင်မည်

စင်ကာပူ ဇူလိုင် ၂၄

တရုတ်နိုင်ငံအစိုးရသည် ဇူလိုင် ၂၆ ရက်မှ စတင်ကာ စင်ကာပူနိုင်ငံများအတွက် ၁၅ ရက်ကြာ ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာ ကင်းလွတ်ခွင့်မူဝါဒကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးက ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံက ခွင့်ပြုသွားမည့် ပြည်ဝင်ခွင့်မူဝါဒအရ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ မိသားစုအလည်အပတ်ခရီးစဉ်များ စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ခရီးသွားကိုင်ဆောင်ခွင့်လက်မှတ်များ ကိုင်ဆောင်ထားသော စင်ကာပူနိုင်ငံသားများအား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံသားများအား ထုတ်ပေးသည့် ပြည်ဝင်ခွင့်ဗီဇာများမှာ တရားဝင်နေဆဲဖြစ်ပြီး ဗီဇာလျှောက်လွှာများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဟု သိရသည်။

ပြည်ဝင်ခွင့်ကင်းလွတ်ရေးမူဝါဒကို ပြန်လည်ကျင့်သုံးခြင်းသည် နိုင်ငံများအကြား စီးပွားရေးဆိုင်ရာ စီးဆင်းမှုကို လွယ်ကူချောမွေ့စေပြီး ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်း အဆင်ပြေစေမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် စင်ကာပူနိုင်ငံသားများအတွက် ၁၅ ရက်ကြာ ပြည်ဝင်ခွင့် ကင်းလွတ်ခွင့်ပြုရေးအပြင် ဗီယက်နမ်နိုင်ငံသားများကိုလည်း ၁၅ ရက်ကြာ ပြည်ဝင်ခွင့် ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# လူမှုဆက်သွယ်ရေးမီဒီယာဖြစ်သည့် တွစ်တာ၏အမှတ်တံဆိပ်ကို ငှက်ရုပ်မှ အိပ်စ်သင်္ကေတသို့ ပြောင်းလဲသတ်မှတ်

**ဆန်ဖရန်စစ္စကို ဇူလိုင် ၂၄**

လူမှုဆက်သွယ်ရေး မီဒီယာဖြစ်သည့် တွစ်တာ၏ အမှတ်တံဆိပ်ကို ငှက်ရုပ်မှ အိပ်စ်သင်္ကေတသို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း အီလွန်မက်စ်က ပြောကြားသည်။

တွစ်တာ အက်ပလီကေးရှင်းကို ဘက်စုံသုံး အက်ပလီကေးရှင်း အဖြစ်ပြောင်းလဲနိုင်ရေးဆောင်ရွက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် တွစ်တာကုမ္ပဏီအမည်ကို အိပ်စ်ကော့ဖ် (X Corp) ဟု အမည်ပြောင်းလဲခဲ့သည်။

"X" သင်္ကေတဟာ အကန့်အသတ်မရှိ အပြန်အလှန်ဆက်သွယ်မှုကို ရည်ညွှန်းပြီး ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေနှင့် အခွင့်အလမ်းတွေအတွက် တွစ်တာက ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တစ်ခု ဖန်တီးပေးနေကြောင်း တွစ်တာ၏ စီအီးအို လင်ဒါ ယာကာရီနိုက ပြောကြားသည်။

မူလ အမှတ်တံဆိပ်ဖြစ်သည့် ငှက်ရုပ်အား နှုတ်ဆက်ရမည့်အချိန်ဖြစ်ကြောင်း အီလွန်မက်စ်က ထပ်လောင်း ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် ရေပိုင်နက်အတွင်း သင်္ဘောတစ်စင်းနစ်မြုပ်မှုကြောင့် ၁၅ ဦး သေဆုံး



အင်ဒိုနီးရှား ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက လူအများအပြား သေဆုံးမှုဖြစ်ပွားခဲ့သည့် သင်္ဘောနစ်မြုပ်ရာနေရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ဂျကာတာ ဇူလိုင် ၂၄

အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့တောင်ပိုင်း ဆူလာဝေစီပြည်နယ် ရေပိုင်နက်အတွင်း ဇူလိုင် ၂၄ ရက် အစောပိုင်းတွင် သင်္ဘောတစ်စင်းနစ်မြုပ်မှုကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါနစ်မြုပ်ခဲ့သည့် သင်္ဘောပေါ်တွင် ခရီးသည် စုစုပေါင်း ၄၈ ဦး ပါရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ယူဆွတ်က ပြောကြားသည်။

ယူဆွတ်၏ ပြောကြားချက်အရ အဆိုပါသင်္ဘောနစ်မြုပ်မှုတွင် ပျောက်ဆုံးနေသူစာရင်းကို တိတိကျကျ မသိရှိရသေးကြောင်း သိရသည်။

အဆိုပါ သင်္ဘောနစ်မြုပ်မှုသည် ဒေသစံတော်ချိန် ညသန်းခေါင်ယံအချိန်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆေးဝါးကုသမှုများ ပေးထားလျက်ရှိ**

သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို ၎င်းတို့၏ မိသားစုများထံသို့ လွှဲပြောင်းပေးထားပြီး အသက်ရှင် ကျန်ရစ်သူများအား ဆေးဝါးကုသမှုများ ပေးထားလျက်ရှိသည်။

အဆိုပါ သင်္ဘောနစ်မြုပ်မှုသည် ဆူလာဝေဆီပြည်နယ် အရှေ့တောင်ပိုင်းရှိ မြို့တော်ကင်ဒါရီ၏ တောင်ဘက် ကီလိုမီတာ ၂၀၀ (၁၂၄ မိုင်) အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိသော အဖွဲ့အစည်းများသည် သင်္ဘောနစ်မြုပ်ရာနေရာတွင် ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အမျိုးသမီးများကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

နေပြည်တော် ဇူလိုင် ၂၄

အမျိုးသမီးများကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်စီနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ အေးမြတ်ငြိမ်း(ခ)အဉ္စနန်နှင့် ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်နေ မအေးကျန်(ခ) ယိမ်းယိမ်း (ခ) ပလောင်မတို့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မ ----၊ ၂၅ နှစ်နှင့် မ ----၊ ၂၅ နှစ်တို့ကို တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်မယားအဖြစ် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မူဆယ်မြို့မရဲစခန်းက (ပ)၁၂၂/ ၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇(က)/၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် တရားခံအေးမြတ်ငြိမ်း(ခ)အဉ္စနန်နှင့် မအေးကျန်(ခ) ယိမ်းယိမ်း(ခ)ပလောင်မတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇(က)အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်စီနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ၊ ပြစ်ဒဏ် နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက ရွှေသံလွင်တိုးဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Owl Offline UPS အခု ၃၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၁၆၁၄၁၅၂ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၀၁၆၁၄၁၅၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၂၃)မိုင် (၆)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများ တွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်ခဲ့ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Lion Head Food Colour ၂၇၀၀ ကီလိုဂရမ်၊ Castor Oil ၁၃၃၀ ကီလိုဂရမ်၊ BK Rechargeable Battery အလုံး ၁၀၀၊ LED Mini Flat Light အခု ၁၈၀ အပါအဝင် ကုန်ပစ္စည်း ၂၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၀၉၇၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီး၊ Tongya Semi Trailer နောက်တွဲယာဉ်တစ်တွဲ၊ Dong Feng Tractor Head တစ်စီးနှင့် Yu Chang Semi Trailer နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀၀)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၃၀၉၇၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ဇူလိုင် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းဟု ယူဆရသော ပုတီးလည်ဆွဲဆိုဒ်စုံ အခု ၁၈၀ အပါအဝင် ကုန်ပစ္စည်း (၂၉၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Mark II တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၈၄၇၇၃၈၇၂ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

**ဆွေးနွေးတင်ဆက်မည်**

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းကိုမိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့်အခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဒေါ့ဆူရီ" (Doksuri)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၇-၂၀၂၃ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ 'တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်' (အပိုင်း-၅)
- ၀၈:၃၅ ငွေယာရွှေမြေမှငွေထည်လုပ်ငန်း
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာဖျက်နာဖုံး' (အပိုင်း-၂၂)
- ၁၆:၃၅ "အနာဂတ်၏ပျိုးပင်မြန်မာစိုက်ပျိုးမွေးမြူပညာသင်ယူပါလူငယ်တဝတစ်သက်တာ"
- ၁၇:၂၀ ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး
- ၁၈:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာဖျက်နာဖုံး' (အပိုင်း-၂၃)
- ၁၉:၁၀ "ကမ္ဘာတည်မည့်သာသနာ့ဓမ္မကွန်း" (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၃၄)
- ၂၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၁၂)

**mitv**

- 07:01 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- 07:08 Alms Bowl
- 07:28 A Nun's Creation in Fruit Carving
- 07:36 On the River
- 08:01 News
- 08:26 World Heritage Site: Beikthano
- 08:44 Mahar Thakya Atula Man Aung - Nga Htat Kyee
- 09:01 Introductory Programme of Literary Award Winners (U Ye Dway)
- 09:24 Nga Laik Dam & Nga Laik Kan Tha Eco Resort
- 09:36 Listening Pleasure, Instrumental Music (Banjo) Kyama Doe Ywarkalay
- 09:44 Home for the Beautiful Star Tortoises
- 10:01 News
- 10:27 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
- 10:53 World Drowning Prevention Day (25th July)

**MRTV NRC**

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်သားတို့၏ဘဝအကြောင်း

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ပြုံးပဒေသာ(မဏိစန္ဒာနှင့်ပုလဲစိန်)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရှိရာ (ရှေးခေတ်ရှမ်း၊ ရှမ်းကြီး၊ တိုင်းနောင်၊ တိုင်းလိုင်း)

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
မုန့်လုံးပြုလုပ်နည်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
အမိမြန်မာပြည်မြောက်ဖျားစွန်းဘက်ကရေခဲတောင်ရှိရာဆီ

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
စိမ်းစိုသာယာတို့စိုက်ခင်းကရွှေဘဏ္ဍာ

**ပအိုဝ်း/ကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တောင်ယာစပါး စူးထိုးစိုက်ကြမယ်
ရွှေတောင် ငွေတောင် ရှာကလေးဝယ်

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အင်းရဲကျွန်းရဲ့ဘဲမွေးမြူရေးလုပ်ငန်း

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကောင်းမှုကောင်းဖာကဖောင်း

**ချင်း (လိုင်းဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
သင်မယ်၊ ရေးမယ် 'တို့' ချင်းစာ (အပိုင်း-၃၂)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား "ရှင်မဟာရဋ္ဌသာရ၏ဆုံးမစာ" (အပိုင်း-၁)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ ECONOMIC REVIEW (Part-42) အွန်လိုင်းကစျေးဝယ်ရာတွင် ဆင်ခြင်သင့်သည့်အချက်များ
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၁၀ ဒီမိုကရေစီဆိုသည်မှာ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)အပိုင်း-၂
- ၁၁:၁၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ လယ်ယာထွက်စွန့်ပစ်ပစ္စည်းများမှ အဏုဇီဝမြေဩဇာပုံများပြုလုပ်ခြင်းသုတေသန
- ၀၇:၀၀ အရှိန်အဟုန်ဖြင့်ရေရှည်တိုးတက်ရေး သမဝါယမများကဆောင်ရွက်ပေး
- ၀၇:၁၅ တောင်သူဘဝ သုတကဏ္ဍ
- ၀၈:၁၀ စောင့်ရှောက်ကာကွယ် ဆင်ရိုင်းကမ္ဘာငယ်
- ၀၈:၅၀ ပန်းမြတ်သမြေ
- ၀၉:၀၀ "ကလောမြို့နယ်မှဖွံ့ဖြိုးတိုးတက်နေသောကျေးရွာများ"
- ၀၉:၂၅ မိရိုးဖလာတောင်သူတစ်ဦးရဲ့တစ်နေ့တာ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၁၁:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ဒေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝန်ဆောင်မှုပေး နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အခြေခံတစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံအုတ်စီနှင့် ပန်းရန်သင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂၄

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်သော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေးကော်မတီ၏ အခြေခံ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံအုတ်စီနှင့် ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ သင်ကြားလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြို့ မြို့မဈေးကြီးအတွင်း ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချ



ပဲခူး ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ ဈေးအရောင်းဆိုင်များနှင့် ဈေးရုံကြီးများ ပြန်လည်အဆင့်မြှင့်တင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နေ့စဉ်ဖွင့်လှစ် ရောင်းချလျက်ရှိသော ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များအား သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာ ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် ချိတ်ဆက်ကာ ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်လာရောက် ရောင်းချနိုင်သည့် အရောင်းဆိုင်များဖွင့်လှစ်၍ ဇွန် ၁၇ ရက်မှစတင်ကာ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သုံးထပ် ရတနာဈေးရုံကြီး၊ နှစ်ထပ် မင်္ဂလာဈေးရုံကြီးနှင့် သီရိဥသာ ဈေးရုံကြီးများ ပြန်လည် အဆင့်မြှင့်တင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေများသို့ အပန်းဖြေခရီးသွားရောက်



နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေတို့သို့ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှတစ်ဆင့် တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များမှာကြားပြီး ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

**ရင်းနှီးနွေးထွေးစွာကြိုဆို**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကာ ချောင်းသာအပန်းဖြေဧည့်ရိပ်သာတွင်တိုင်းမှူးကအမှာစကားပြောကြားပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

**ကြိုဆိုနှုတ်ဆက်**

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက သံတွဲလေဆိပ်တွင် အိုးစည်ဒိုးပတ်များဖြင့် နွေးထွေးလှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးက ငပလီမြို့ရှိ အပန်းဖြေစခန်း(လင်းသာ)၌ အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြား၍ လက်ဆောင်ပစ္စည်း၊ ထောက်ပံ့ငွေများပေးအပ်ပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကားပြောကြားသည်။ ထို့နောက် ငပလီကမ်းခြေရှိ သဲသောင်ပြင်၌ ဘောလုံးအားကစားပွဲများကို ပျော်ရွှင်စွာကစားကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ သံတွဲမြို့နယ် ငပလီကမ်းခြေသို့ အပန်းဖြေလာရောက်ကြသည့် အရာရှိ၊ စစ်သည်များသည် အပန်းဖြေခရီးစဉ်တွင် ရွှေနံ့တော်ဘုရား၊ ရွှေအံတော်ဘုရား၊ ရွှေဆံတော်ဘုရား၊ မဒေးတောင်ဘုရားတို့သို့ သွားရောက်ဖူးမြော်ကြမည်ဖြစ်ပြီး ပုလဲကျွန်း၊ ငပလီဈေးနှင့် မြပတ္တမြားဥယျာဉ်တို့သို့ ငါးရက်ကြာ လေ့လာရေးခရီးစဉ်အဖြစ် အပန်းဖြေလည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား မိုးရာသီအမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မိုးကုတ် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အောင်နန်းအားကစားကွင်း၌ ကျင်းပသည်။

**သွေးသစ်အားကစားသမားများ ပေါ်ထွက်လာရေး**

ရှေးဦးစွာ မိုးကုတ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်က ထူးချွန်ထက်မြက်သော သွေးသစ်အားကစားသမားလူငယ်များ ပေါ်ထွက်လာစေရေးအတွက် အောက်ခြေအားကစားသမားအဆင့်ဆင့်ဖြစ်သည့် ကျေးရွာ/ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးလက်ရွေးစင်အဆင့်ရောက်ရှိအောင် မြို့နယ်အားကစား ဆပ်ကော်မတီမှ တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အသင်း ၂၀ တို့မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် တက်ရောက်လာသည့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် ဆင်ခွာအသင်းနှင့် အောင်ချမ်းသာ(က)အသင်း ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရေးအသင်း ညီလာခံခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ တရုတ်နိုင်ငံ ကျိုလင်မြို့ ပြည်သူ့အစိုးရ ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ Mr. Li Fu Quan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တရုတ်နိုင်ငံ ကျိုလင်မြို့ ပြည်သူ့အစိုးရ မြို့တော်ဝန် Mr. Hu Bin က ကျိုလင်မြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကျောက်ဖြူမြို့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးငြိမ်းချမ်းမောင်က အမှာစကား ပြောကြားပြီး ကျိုလင်မြို့ ပြည်ပဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး Mr.Lyu Ji Quan နှင့် ဦးငြိမ်းချမ်းမောင်တို့က ကျိုလင်မြို့နှင့် ကျောက်ဖြူမြို့ကို မောင်နှမမြို့အဖြစ် တည်ဆောက်နိုင်ရေး ကြိုတင်ညှိနှိုင်းခဲ့ကြပြီး အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ခရီးသွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သနပ်ပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

သနပ်ပင် ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် အမှတ်(၇၃) မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဖရဲကျေးရွာ တောင်သူဦးအောင်ရွှေ၏ လယ်ယာမြေ ခြောက်ဧက၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် ကူဘိုတာ ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြသခဲ့ပြီး စိုက်ပျိုးရာတွင် လယ်တစ်ဧကလျှင် တစ်နာရီခန့်သာကြာမြင့်ခဲ့ပြီး ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်း ဒေသခံတောင်သူအနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုလျှင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စိုက်ပျိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ဦးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုကြသည်။

လှမိုး(ပြန်/ဆက်)



# ကျိုက်ထိုမြို့နယ် လူမှုဖူလုံရေးရုံးတွင် ထိခိုက်သေဆုံးသူအတွက် ထောက်ပံ့ကြေး ပေးအပ်

ကျိုက်ထို ဇူလိုင် ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံးမှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များ ငွေလုံးငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မွန်ပြည်နယ် လူမှုဖူလုံရေးရုံး ပြည်နယ် တာဝန်ခံအရာရှိ ဦးသက်ဆွေက အာမခံအလုပ်သမား ဦးကျော်မင်းဦး (မြန်မာ့မီးရထား)၏ လုပ်ငန်းခွင် ထိခိုက် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားရာ မြန်မာ့မီးရထား(မုပ္ပလင်ဘူတာ)မှ ရုံးပိုင်ကြီး ဦးခင်မောင်ချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် အာမခံအလုပ်သမား ဦးကျော်မင်းဦး (မြန်မာ့မီးရထား)၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် ပြည်နယ်တာဝန်ခံအရာရှိ ဦးသက်ဆွေက ဦးကျော်မင်းဦး၏ ဇနီးဖြစ်သူ ဒေါ်လှလှဌေးထံသို့ ငွေကျပ် ၈၁ သိန်းအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# ဇမ္ဗူသီရိမြို့နယ်၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု(မွမ်းမံ) ခွင့်ပြုရန်ပုံငွေများဖြင့် တဲကြီးကုန်းကျေးရွာအုပ်စု ဂုဏ်မင်းအင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးနှင့် ဝန်ထမ်းများသည် ဂုဏ်မင်းအင်းကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဂုဏ်မင်းအင်းကျေးရွာ၌ အဆိုပါစက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၆၈၇ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ဇူလိုင်လ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၀ | ၂၃၄၀ | ၂၃၅၅ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၀၀၀ |
| 95 Ron | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၅ | ၂၄၅၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၈၀ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၁၀၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၅ | ၂၃၅၅ | ၂၃၄၅ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၂၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၉၅ | ၃၁၆၀ |
| HSD (10 ppm) | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၂၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၉၅ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၈ | ၂၁၇၄ |
| 95 Ron | ၂၂၀၉ | ၂၂၈၇ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၂ |
| HSD (50 ppm) | ၂၁၆၅ | ၂၂၃၈ |
| HSD (10 ppm) | ၂၁၆၅ | ၂၂၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ **ကျောဖုံးမှ**

အဆိုပါ ရထားခရီးစဉ်များအနက် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မှ ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီး ခရီးစဉ်ထွက်ခွာမည့် အမှတ်(၉၂၄) အစုန်ကုန်ရထားသည် ပုလိပ်ဘူတာမှ ဇူလိုင် ၂၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာပြီး စဉ့်ကိုင်မြို့နယ်အတွင်း ပုလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင်အမှတ် (၃၇၂/၃-၃၇၁/၂၄) အရောက် ည ၁၀ နာရီ ၅၅ မိနစ်တွင် ရထားတွဲဆိုင်းပါစက်ခေါင်းနောက် ၁၈ တွဲမြောက်မှ ၂၂ တွဲမြောက်အထိ ကုန်အပြည့် တင်ဆောင်ထားသည့် ကွန်တိန်နာတွဲ ငါးတွဲသည် သံလမ်းများပြုတ်ထွက်၍ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

**ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့**

ဖြစ်စဉ်မှာ အဆိုပါလမ်းပိုင်း၌ မိုင်တိုင်အမှတ် (၃၇၁/၁ မှ ၃)အတွင်း ရထားသံလမ်းဆက်ပြား ရှစ်စုံနှင့် သံလမ်းဆက်မူလီ(Bolt &Nut) ၃၂ လုံးကို မသမာသူများက ယုတ်မာပက်စက်သောအကြံဖြင့် ရထားသံလမ်း၏ သံလမ်းဆက်ပြားနှင့် မူလီများကို ဘယ်ညာနှင့် ရှေ့နောက်တစ်ဆက်တည်း အစုံလိုက်ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် အလွန်အန္တရာယ်ကြီးမားပြီး သံလမ်းအဆက်လိုက် ပြုတ်ထွက်လမ်းချော်ကျခဲ့ရခြင်းဖြစ်သည်။ ရထားလမ်းပျက်စီးမှုကို ညတွင်းချင်း ပြန်လည်ပြုပြင်ခဲ့ပြီး လမ်းပိုင်းအား ယနေ့နံနက် ၈ နာရီ ၃၆ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါ လုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ကုန်စည်ပို့ဆောင်မှုကိုပါ ထိခိုက်ပျက်စီး ဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့်အပြင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏လုပ်ရပ်ကို တွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားသွားရန် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြစ်ငယ်မှ ရွာသာကြီးခရီးစဉ် ပြေးဆွဲသော ကုန်ရထားလမ်းချော်မှု ဖြစ်ပွားစဉ်။

# တိုင်းဒေသကြီးအတွင်း ငါးသားပေါက်ကောင်ရေ သိန်း ၂၇၀ စိုက်ထည့်ရန်လျာထားပြီး သဘာဝရေပြင်တို့၌ ကောင်ရေ ၇၉ ဒသမ ၀၃ သိန်း စိုက်ထည့်ထား

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သဘာဝရေပြင်တို့တွင် ငါးသယံဇာတ စဉ်ဆက်မပြတ် ရှင်သန်ပေါက်ဖွား၍ ရာသီမပြတ် ထုတ်ယူစားသုံးနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ယခုနှစ်မိုးရာသီ၌ ငါးသားပေါက်ကောင်ရေ သိန်း ၂၇၀ စိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ငါးသားပေါက်ကောင်ရေ ၇၉ ဒသမ ၀၃ သိန်း စိုက်ထည့်ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



**(၂၂)ကြိမ်မြောက်စိုက်ထည့်ခဲ့**

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယမန်နှစ်က ငါးသားပေါက်ကောင်ရေ ၂၆၁ သိန်း စိုက်ထည့်ခဲ့ပြီး ယခုနှစ်တွင် လျာထားချက်၏ ၂၉ ဒသမ ၂၇ ရာခိုင်နှုန်းကို ခရိုင်နှင့် မြို့နယ်တို့ရှိ သဘာဝရေပြင်နေရာ ၂၀ တို့၌ ဇူလိုင်လ တတိယပတ်က (၂၂)ကြိမ်မြောက်အဖြစ် စိုက်ထည့်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတော်အကြီးအကဲက သဘာဝရေပြင်မှာဆိုရင် ပြည်သူတွေတိုက်ရိုက်ဖမ်းဆီးစားသုံးနိုင်တာကြောင့် ဦးစားပေးမျိုးစိုက်ထည့်ဖို့ ညွှန်ကြားထားတဲ့အတွက် တိုင်းဒေသကြီးအတွင်းက အဓိကသဘာဝရေပြင်တွေမှာ ရှင်သန်နှုန်းကောင်းမွန်ပြီး အကောင် ၁၀၀ လွှတ်ရင် ၈၀ ရှင်သန်နိုင်တဲ့ နှစ်လက်မအရွယ် ငါးသားပေါက်တွေ စိုက်ထည့်ထားပါတယ်။ ငါးသယံဇာတကို ထိန်းသိမ်းမှုနဲ့အတူ ငါးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့၊ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေဖို့၊ သဘာဝရေပြင်တွေမှာ ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်ရှိနေစေဖို့၊ ငါးထုတ်လုပ်မှု တိုးတက်လာစေဖို့နဲ့ ဒေသခံပြည်သူတွေ ငါးရိက္ခာဖူလုံပြီး လူမှုစီးပွားဘဝမြင့်မားလာစေဖို့ စတဲ့ရည်ရွယ်ချက်များနဲ့ ငါးမျိုးစိတ်များကို စိုက်ထည့်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက ပြောသည်။

သဘာဝရေပြင်တို့၌ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမနှင့် ရွှေဝါငါးကြင်း စသည့် ငါးသားပေါက်များကို စိုက်ထည့်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဧပြီလ ဇီဝိတဒါန ငါးလွှတ်ပွဲမှစတင်ကာ ငါးသားပေါက်များကို စိုက်ထည့်ခဲ့ရာ ဇွန်လ၌ ငါးသားပေါက်ကောင်ရေ သိန်း ၃၀၊ ဇူလိုင်လတတိယပတ်၌ ငါးသားပေါက်ကောင်ရေ ၄၇ ဒသမ ၅၀ သိန်းဖြင့် စုစုပေါင်း ၇၉ ဒသမ ၀၃ သိန်း စိုက်ထည့်ခဲ့သည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင် သဘာဝဖြစ်စဉ်နှင့် လူ့ပယောဂတို့ကြောင့် ငါးသယံဇာတ လျော့နည်းကျဆင်းသွားပါက ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ပုံမှန်မျိုးပွားသားပေါက်နိုင်သည့် အနေအထားသို့ ရောက်ရှိ၍ သဘာဝရေပြင်တွင်ရှိသော ငါးသယံဇာတထုထည်ကို မူလအတိုင်း ပြန်လည်ရရှိစေကာ သဘာဝမှထောက်ပံ့ပေးသည့် ငါးသယံဇာတများ တိုးပွားစေမည်ဖြစ်ရာ နှစ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ရေချိုသဘာဝရေပြင်တို့၌ ငါးသားပေါက်များကို စိုက်ထည့်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ငါးမွေးကန် ဧကတစ်သိန်းတွင် ရေချိုငါးများကို မွေးမြူထုတ်လုပ်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ဖူလုံမှုသာမက နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဝင်ရောက်သည့် ရေချိုငါး၊ ပုစွန်များကို အအေးခန်းစက်ရုံ ၇၉ ရုံတွင် ပြုပြင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့လျက်ရှိရာ ငါးမြစ်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တွေမှတစ်ဆင့် တိုက်ရိုက်တင်ပို့လျက်ရှိသည်။ ပြည်ပပို့ကုန်ရရှိထားသော ရေထွက်ကုန်ကို တိုးမြှင့်မွေးမြူခြင်း၊ တစ်ဧက ငါးအထွက်နှုန်းကောင်းမွန်ရန်အတွက် နည်းပညာနှင့် သွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ရေထွက်ကုန်မွေးမြူရေးကဏ္ဍမှ နိုင်ငံခြားဝင်ငွေ စဉ်ဆက်မပြတ်ရရှိရန် မွေးမြူရေးတောင်သူများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးမွေးမြူရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တွံတေး ငါးလုပ်ငန်းသိပ္ပံ၌ ယမန်နှစ်မှစတင်၍ ဒီပလိုမာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အလယ်အလတ်အဆင့် ငါးလုပ်ငန်းပညာရှင်များ၊ မွေးမြူရေးပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ သဘာဝရေပြင်တို့တွင် ငါးသယံဇာတ စဉ်ဆက်မပြတ် ရှင်သန်ပေါက်ပွားခြင်းဖြင့် ရာသီမပြတ် ထုတ်ယူစားသုံးနိုင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ တစ်နိုင်ငံလုံးတွင် ငါးသားပေါက်ကောင်ရေ သိန်း ၁၀၀၀ ကျော် မျိုးစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ငါးသားပေါက်ကောင်ရေ သိန်း ၂၇၀ စိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ - သတင်းစဉ်**
**ဓာတ်ပုံ - ကနူး**

# ခန္တီးမြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ကျင်းပ



**ခန္တီး ဇူလိုင် ၂၄**

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍အခြေခံပညာအထက်တန်းကျောင်း (ကျန်စစ်သား)ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက လူငယ်စကားဝိုင်း ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ မြို့နယ်ပညာရေးမှူးကိုယ်စား လက်ထောက်ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်းအကြောင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ဆောင်ရွက်ပြီး Grade-12 မှ မောင်ရဲရင့်ဝေလွင်က "လူငယ်နှင့်ပညာရေး "၊ Grade-10 မှ မစုစုလှိုင်က "လူငယ်နှင့်စာပေ"၊ Grade-10 မှ မခွန်ရည်ကဗျာက "လူငယ်နှင့်စာရိတ္တ"၊ Grade-11 မှ မောင်တိုးဝေက "လူငယ်နှင့်ကျန်းမာရေး" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးမေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၁၆၅ ဦးခန့် တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အေးခိုင်(ပြန်/ဆက်)**

❂ **ရန်ကုန်အသင်းမှ**

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် မတ်ခ်ဆာကီက ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင်လည်း တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၅၅ မိနစ်တွင် ဘယ်လိုက ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားပြီး ဟံသာဝတီအသင်းအတွက်နှစ်သိမ့်ဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် အောင်မြတ်သူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက် ကွင်းလယ်တိုက်စစ်ကစားသမား မတ်ခ်ဆာကီကရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၃ ပွဲကစား ရမှတ် ၃၅ မှတ်၊ ဟံသာဝတီအသင်းက ၁၃ ပွဲကစား ရမှတ် ၁၉ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်ကို ဖိအားလိုက်ပေးရင်း ရန်ကုန်ယူနိုက်တက်အသင်း ခြေချော်ခဲ့ပြီး အမှတ်ကွာဟမှု ပိုမိုကြီးမားသွားခဲ့သည်။ ရန်ကုန်အသင်းသည် အသင်းခေါင်းဆောင် ဒေးဗစ်ထန် ၂၅၊ ၅၄ မိနစ်တွင် သွင်းယူသည့်ဂိုးများဖြင့် နှစ်ကြိမ်တိုင် ဦးဆောင်နိုင်ခဲ့သော်လည်း မြဝတီအသင်းအတွက် ချေပဂိုးများကို ၄၅+၂ မိနစ်တွင် သက်ပိုင်ကို၊ ၅၉ မိနစ်တွင် ဟိန်းဇေယျာမင်းတို့က သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၇၄ မိနစ်တွင် မင်းကိုသူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းမှ သက်ဝေမိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၃ ပွဲကစား ရမှတ် ၃၁ မှတ်၊ မြဝတီအသင်းက ၁၃ ပွဲကစား ရမှတ် ၁၆ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၃) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၂၅ ရက် (ယနေ့) တွင် YUSC ကွင်း၌ ရတနာပုံအသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# စစ်တွေကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

**စစ်တွေ ဇူလိုင် ၂၄**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်ဒေါ်လာသန်း သုည ဒသမ ၀၅၅၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၁၈ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာနှုန်းဖြင့် တန် ၉၀၊ ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၇၂ တန်နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် နှစ်တန်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။



ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၅ ဒသမ ၅၀ တာကာနှင့် တစ်တာကာလျှင် ၂၆ ဒသမ ၅၀ ကျပ်ဖြစ်ကြောင်း သိရသည်။

# နှမ်းဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိ

**မန္တလေး ဇူလိုင် ၂၄**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၃၀၉၀၄ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၀၉၅၆ ဧကနှင့် မြစ်သားမြို့နယ်တွင် ၂၈၉၂၉ ဧက စုစုပေါင်း နွေနှမ်းစိုက်ဧက ၈၀၇၈၉ ဧကကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် နွေနှမ်းများ အောင်မြင်စွာ ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၃/၁၄ တင်း ထွက်ရှိကြောင်း၊ နွေနှမ်းတစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၆၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ စိုက်ပျိုးသောမျိုးများမှာ နှမ်းဖြူ၊ နှမ်းညိုနှင့် နှမ်းနက်မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး အများဆုံး စိုက်ပျိုးသောမျိုးမှာ နှမ်းဖြူမျိုးဖြစ်ကြောင်း သိရသည်။

နှမ်းဖြူမျိုးများကို အများဆုံး စိုက်ပျိုးရခြင်းမှာ တခြားနှမ်းမျိုးထက် ဈေးနှုန်းကောင်းမွန်ခြင်း၊ အထွက်နှုန်း ကောင်းခြင်းတို့ကြောင့် တောင်သူအများစုမှာ နှမ်းဖြူမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ နှမ်းဈေးနှုန်းများအနေဖြင့် ယခင်နှစ်တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၅၉၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၅၄၀၀၀၊ နှမ်းနက်စမုန်တစ်တင်းလျှင် ငွေကျပ် ၅၂၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၅၄၀၀၀ ဈေးနှုန်းများရှိပြီး ယခုလက်ရှိ နှမ်းဈေးနှုန်းအနေဖြင့် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၁၉၀၀၀၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



ယခုလက်ရှိ နှမ်းဆီဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး နှမ်းဈေးနှုန်းနှင့် နှမ်းဆီဈေးနှုန်းများ ကောင်းမွန်သောကြောင့် နှမ်းစိုက်ပျိုးသော တောင်သူများအတွက် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။

# လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့်ဇူလိုင် ၁၉ ရက်မှ ၂၃ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်ကွဲ ၆၈ ဒသမ ၀၀ တန်၊ ပြောင်း ၂၂ ဒသမ ၀၀ တန်၊ မြေထောက်ပဲ ၆၆ ဒသမ ၀၀ တန်၊ ကြိမ် ၃၃ ဒသမ ၇၀ တန်၊ ပဲတီစိမ်း ၆၅ ဒသမ ၀၀ တန်၊ Lead Carbonate ၃၃ ဒသမ ၀၀ တန်နှင့် Aluminium Ingot ၂၉ ဒသမ ၅၂ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် ဆန် တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ၃၃၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ်တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ဓာတ်မြေသြဇာ ၁၂၆ ဒသမ ၀၀ တန်၊ ပိတ်လိပ် ၅၀ ဒသမ ၀၀ တန်၊ ထွန်စက် ခြောက်စီး၊ ပီနံအိတ် ၆၃ ဒသမ ၀၀ တန်၊ ချည် ၁၅၉ ဒသမ ၃၀ တန်၊ မြက်ခင်းတု ၁၅ ဒသမ ၅၀ တန်၊ ရိတ်သိမ်းခြွေလှေ့စက် ၁၀ ခု၊ ပတ္တာကြိုး ၁၃ ဒသမ ၀၀ တန်၊ ပလတ်စတစ်ဖျာ ၁၅ ဒသမ ၀၀ တန်၊ ပန်ကာ ၁၅၀၀၊ ဖော့ဖျာ ၁၂ ဒသမ ၀၀ တန်၊ စက္ကူလိပ် ၇ ဒသမ ၀၀ တန်၊ ဘက်ထရီ ၃၅၀၀ နှင့် ကုန်စုံ ၂၂၈ ဒသမ ၁၉ တန်တို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဓာတ်မြေသြဇာ (Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀၊ ဓာတ်မြေသြဇာ (Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၄၀၀၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီးလျှင် ဒေါ်လာ ၇၂၀၀ ဖြစ်သည်။

လွယ်ဂျယ်နယ်စပ်ဒေသငွေကြေးဈေးကွက်အနေဖြင့် ဇူလိုင် ၂၃ ရက်တွင် တစ်ယွမ်လျှင် ၄၃၂ ကျပ်ဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

### ၂၄-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ရှောက်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၃၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၂၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၄၀၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၃၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၈၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၀၃၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၂၉၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၉၂၀၀ | ၉၀၀၀ | ၄၃၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၅၀ | | ၁၃၅၀၀ | ၇၇၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၇၈၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၄၀၀ | ၆၇၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၀၀၀ | ၆၇၀၀ | ၁၈၅၀၀ | ၂၅၀၀ | ၆၈၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့်မုံရွာတွင် ၅၀ကျပ်၊ တောင်ကြီး၊ မန္တလေးနှင့်ပခုက္ကူတွင် ၁၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာနှင့်ပဲခူးတွင် ၂၀၀ကျပ်၊ မန္တလေး၊ စစ်တွေနှင့်ပခုက္ကူတွင် ၃၀၀ကျပ်၊ ပြည်တွင် ၇၀၀ကျပ်၊ ပုသိမ်၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ၁၀၀ကျပ်၊ ရှောက်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနား၊လားရှိုးနှင့်ပုသိမ်တွင် ၂၀၀ကျပ်၊ မြိတ်နှင့်ပခုက္ကူတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားနှင့်တောင်ကြီးတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးနှင့်မြိတ်တွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ မန္တလေးတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့်ပဲခူးတွင် ၁၀၀ကျပ်၊ ကြက်သားနှင့်ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပြည်တွင် ၄၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ စစ်တွေတွင် ၃၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားတွင် ၃၀၀ကျပ်၊ နေပြည်တော်တွင် ၅၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် ပဲခူးတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၃၀၀ကျပ် ဈေးကျခဲ့ပါသည်။

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ် (၅၁၆)၊ ဗိုလ်ဆွန်ပက်လမ်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ နှစ် (၆၀) ဂရန်မြေကွက်ကြီးအနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀ x ၆၀) ဂရန်မူရင်းခြမ်းမြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ် (မြေကွက်အမှတ်-၅၁၈ နှင့်ကပ်လျက်အခြမ်း) အား မြေအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ကာ မိမိလက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ် အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်သီတာအေး [၇/တငန (နိုင်) ၁၀၄၆၆၀] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B,D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃) လမ်း၊ (၄၃) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## အများသိစေရန် အသိပေးကြေညာခြင်း

